မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၈၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၉ ခုနှစ် မတ် ၃၁ရက်တွင် အစ္စရေးနိုင်ငံဝန်ကြီးချုပ် တာဝန်ကို စတင်ထမ်းဆောင်သော မစ္စတာ ဘင်ဂျမင် နာတာညာဟုထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် သံတွဲမြို့အနီး သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းဖော်ဆောင်နေ

နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၈၆ သန်း ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် ဧပြီ ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ် ၂၉ ရက်တွင် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူ့ဌေးချောင်းပေါ်၌ အမှတ်(၆) တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်မည်

အဆိုပါ စီမံကိန်းသည် ရခိုင်ပြည်နယ်တောင်ပိုင်း ဒေသတစ်ခုလုံးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်နှင့် မဟာဓာတ်အားလိုင်းစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်တည်ဆောက်နေသည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား ၃၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးမှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၈၆ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာအနီး တောင်သူ ဦးဌေးနိုင်၏ လယ်မြေအတွင်း ဝင်းမှည့်နေသော စပါးသီးနှံတို့က ဤသို့ဖြိုးဝေလျက်။ (စိုက်ပျိုးရေး)

> ➤ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
> ➤ ဓာတ်ပုံမှတ်တမ်း - စိုက်ပျိုးရေး
> ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာအုပ်စု ကြိမ်ချောင်းရွာကို ရောက်ချိန်သည် နံနက် ၇ နာရီ....။

တစ်မျှော် တစ်ခေါ်

ဤနေရာ ဤဒေသသည် လွန်ခဲ့သည့်နှစ် မေလက တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ခဲ့သည့် ကျေးရွာများဖြစ်သည်။ ဆားငန်ရေများ ဝင်ရောက်ခဲ့မှုကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးခဲ့ရပြီး စိုက်ပျိုးမရနိုင်တော့ဟု ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ယခုတွေ့မြင်ရသည့် မြင်ကွင်းကား ထိုသတင်းများနှင့်ဆန့်ကျင်ဘက်။ မျက်စိတစ်ဆုံး စိမ်းစိုနေသော စပါးခင်းများ၊ စိမ်းညို့နေသည့် ပဲတီစိမ်းခင်းများ၊ အပင်ကျိုးကျမတတ် ဝင်းမှည့်စွာသီးနေသော နှမ်းစပါးစိုက်ခင်းများက တစ်မျှော်တစ်ခေါ်ပင်။ *စာမျက်နှာ ၉ ကော်လံ ၃* ●

လပွတ္တာမြို့နယ် ကြိမ်ချောင်းရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော ပဲတီစိမ်းပင်များကို ဤသို့ တွေ့ရသည်။ (စိုက်ပျိုးရေး)

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း သွားနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၃ ရက်)

ရာသီဥတုနှင့်လိုက်ဖက်ညီစွာ ပြုမူကျင့်ကြံနေထိုင် ကျန်းမာရေး၊ ကြံ့ခိုင်ရေး ကြိုတင်ကာကွယ်

ယခုကာလသည် ပူပြင်းသောရာသီကာလဖြစ်သည်။ ရာသီဥတုပူပြင်း၍ ပြည်သူများအဖို့ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်ရမည့် အချိန်အခါဖြစ်သည်။

ရာသီဥတုပူပြင်း၍ လူ၏ခန္ဓာကိုယ်သည် ချွေးထွက်များပြီး ဓာတ်ဆားများဆုံးရှုံးမှု များပြားလာရသည်။ ခန္ဓာကိုယ်တွင် အဖုများထွက်ခြင်း၊ ချွေးထွက်များ၍ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

ထို့ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ရာသီဥတုအပူဒဏ် ကာကွယ်မှုများကို ကြိုတင်ကာကွယ်ထားကြရမည်ဖြစ်သည်။

ပူပြင်းသောရာသီကာလတွင် အရက်သောက်ခြင်း၊ နေ့ပိုင်းတွင် လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ်စသည်တို့၌ ရေချိုးခြင်းမှ ရှောင်ကြဉ်ကြရန် လိုအပ်သည်။ အရိပ်ရသော အေးမြသည့်နေရာများတွင် နားနေကြရမည်ဖြစ်သည်။

ချွေးထွက်ခြင်းကြောင့် ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုများကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ဆီးချိုရောဂါနှင့် နှလုံးရောဂါရှိသူများအနေဖြင့် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နေထိုင်ကြရမည်ဖြစ်သည်။

ပူပြင်းသောကာလတွင် အစားအသောက်များကို စားသောက်ရာ၌လည်း ခန္ဓာကိုယ်အတွင်း သွေးတိုးနှုန်းမြင့်တက်စေသော အစားအစာများ စားခြင်းကိုလည်း ဆင်ခြင်စားသုံးသင့်ကြသည်။

သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များနေထိုင်မှုပုံစံကို ဂရုတစိုက် ပြုစုစောင့်ရှောက်ကြရမည် ဖြစ်သည်။

သက်ရှည်ကျန်းမာရေးအတွက် နေထိုင်စားသောက်မှုကို အလေးဂရုပြုကြရမည်ဖြစ်ရာ ဝတ်စားဆင်ယင်မှုတွင် အပူဒဏ်ကို ကာကွယ်သော အဝတ်အထည်များကို ဝတ်ဆင်ရမည်ဖြစ်ပြီး ခန္ဓာကိုယ်သက်သောင့်သက်သာဖြစ်စေသော ဝတ်စားဆင်ယင်မှုကိုသာ သတိပြုဝတ်ဆင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယခုကဲ့သို့ ပူပြင်းသောအချိန်ကာလတွင် ပြည်သူများအနေဖြင့် ကျန်းမာရေးမထိခိုက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို အထူးဂရုပြုလိုက်နာ၍ ရာသီဥတုနှင့်လိုက်ဖက်ညီစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၉ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဝေလာမသုတ္တန်** တရားတော် (ပထမပိုင်း) (ဆရာတော် အရှင်သောဘန)
၈:၀၀-၂:၀၀ မေတ္တာကိုအခြေပြုလို့ အလင်းလှူတဲ့ခရီးစဉ် (မလှိုင်မြို့နယ်) (အပိုင်း-၃)
၈:၁၅-၂:၁၅ VJ Choice
၈:၄၀-၂:၄၀ ပခုက္ကူအညာမြေတစ်လွှား ဆန်ရေစပါးဖူလုံပြီ
၉:၀၀-၃:၀၀ ခါသကြီန်အဆိုအက
၉:၀၅-၃:၀၅ Art Vision (Effective Strokes Solo Show)
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ Activities in the City (Follow Me & Secret ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၉:၄၅-၃:၄၅ ခါသကြီန်အဆိုအက
၉:၅၀-၃:၅၀ ဆန်းစစ်လေ့လာ သင်္ကြန်အကပညာ
၁၀:၀၀-၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀-၄:၂၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀:၄၀-၄:၄၀ ခါသကြီန်အဆိုအကများ
၁၀:၄၅-၄:၄၅ တံတားမြစ်ငယ် အသစ်သွယ် လူမှုစီးပွားကြွယ်
၁၀:၅၅-၄:၅၅ မိုးလေဝသခန့်မှန်းချက်
၁၁:၀၀-၅:၀၀ မွန်မြတ်ဒါန အာယုဝဍ္ဎန
၁၁:၂၀-၅:၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀-၅:၄၀ စွဲမက်ဖွယ်ရာ ထူးကဲအရသာရှိသော စားသောက်ဖွယ်ရာများ
၁၁:၅၅-၅:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀-၆:၀၀ အပြုံးသစ် (ပါမောက္ခ ဒေါက်တာဘမြင့်၊ ဒေါက်တာမိုးသီတာထွေး)
၁၂:၁၅-၆:၁၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၂:၂၀-၆:၂၀ **"ဒါ" ဖော်ရိန်းမိတ်တဲ့လားဗျာ** ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ [ဒါရိုက်တာ-ဝေဠု (ဝသယန်)]
၁၂:၄၅-၆:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂:၅၅-၆:၅၅ ခါသကြီန်အဆိုအက
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၃-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၂၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသောသီချင်းများ (Living Songs) ရွှာသာရွှာပါမိုးအစပြု၍ (အပိုင်း-၂) တေးရေးဆရာ R ခိုင်
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၉)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျောက်ဖြူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၀ရက် နံနက်ပိုင်းက ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရမ္မာဝတီခန်းမ၌ ဒေသခံမြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဆေးဝါးပစ္စည်းမျိုးစုံ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များ၊ အားကစားပစ္စည်းများနှင့် ရမ်းဗြဲမြို့ အခြေခံပညာ အထက်တန်းကျောင်း သိပ္ပံဆောင်ပြုပြင်ရန် ငွေကျပ် ၁၆သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရမ်းဗြဲဒေါရထဆိပ်ကမ်းမှ အမြန်ရေယာဉ်ဖြင့် ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိကြပြီး ကျောက်နီမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တိုင်းမှူးက ကျောက်နီမော်ဆေးရုံအတွက် ချွဲစုပ်စက်တစ်လုံး၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးရွာများအတွက် အဝတ်အထည်များ၊ ဂျာနယ်မျိုးစုံနှင့် မဂ္ဂဇင်းစာစောင်များ၊ ဆေးဝါးပစ္စည်းများနှင့် အားကစားဝန်ကြီးဌာနမှလှူဒါန်းသော အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျေးလက်နေပြည်သူများ မီးလင်းရေးအတွက် သဘာဝစွန့်ပစ်ပစ္စည်းဖြစ်သော နွားချေးနှင့် ဆား ဆတူရောစပ်၍ ဓာတ်ခဲအဟောင်းအသုံးပြုပြီး လျှပ်စစ်မီးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းပြသ၍ ကျေးရွာဥက္ကဋ္ဌများအား အယ်အီးဒီမီးချောင်းများကို ပေးအပ်ကြကာ ကျောက်နီမော်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘူးရေမျက်ကျေးရွာသို့ ရောက်ရှိကြပြီး ပန်းခြံချောင်းတံတားအသစ် ပြန်လည်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ကမားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု၁၇အုပ်စုတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ဂျာနယ်နှင့် စာစောင်များကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးက ကျေးလက်နေပြည်သူများ မီးလင်းရေးအတွက် သဘာဝစွန့်ပစ်ပစ္စည်း နွားချေးနှင့်ဆား ဆတူရောစပ်၍ ဓာတ်ခဲအဟောင်းအသုံးပြုပြီး လျှပ်စစ်မီးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းပြသ၍ ကျေးရွာဥက္ကဋ္ဌများအား အယ်အီးဒီမီးချောင်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော မင်းကျောင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၁၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှသိန်းနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၄-၄-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၂၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၂၀ လောကနီတိ အသိရှိစေဖို့ (လေးပါးလေးဖြာမှတ်စရာ)
၈:၄၀ တေးပဒေသာ
၉:၀၀ ဘဝအသွင် ကဗျာ့အမြင် (ပန်းပိတောက်ပန်းရဲ့ တစ်ဖက်နံရံ)
၉:၁၀ တေးပဒေသာ
၉:၂၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၂၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ကဗျာရွတ်ဆိုပြိုင်ပွဲ) တို့တိုင်းပြည်-ကြည်ဖော် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ခွင့်လွှတ်ပါတော့ ပိတောက်ဝါ)
၁၁:၅၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ဇာတ်မင်းသားကြီး ဦးဖိုးစိန်) နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (မီဒီယာအကြောင်း တစေ့တစောင်း-၂)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ ကျန်းမာရေးရာ သိကောင်းစရာ (ကြွက်မှတစ်ဆင့် လူကို ကူးစက်တတ်သော အသည်းရောင် အသားဝါရောဂါ)
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ နိုင်ငံတကာအနုပညာ(၄၂) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မတ် ၂၉ရက်က အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း သူငွေးရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် ၂၀၀၉ခုနှစ် မတ် ၃၁ရက်တွင် အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော မစ္စတာအဗစ် ဒေါလီဘာမန်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အင်းစိန်မြို့နယ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)စာကြည့်တိုက်ခန်းမ၌ မတ် ၃၁ ရက် နံနက် ၁၀နာရီခွဲတွင် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ အမျိုးသားစာပေ (ကဗျာ)ဆုရ စာရေးဆရာတက်လူက မေတ္တာ၊ သစ္စာ၊ ရတနာကဗျာများစာအုပ် ၈၀ကို ပေးအပ်လှူဒါန်းခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက လက်ခံ၍ ဂုဏ်ပြုကတ် ပြန်လည်ပေးအပ်သည်။(**အပေါ်ဝဲပုံ**)

ဆက်လက်၍ အမျိုးသားစာပေ (ကဗျာ)ဆုရ စာရေးဆရာတက်လူက စာအုပ်လှူဒါန်းရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟသ်ာတအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ ဟသ်ာတအသင်း၏ နှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ၄၅လမ်း၊ အမှတ် ၁၈၄/၁၈၆ရှိ ဟသ်ာတအသင်းတိုက် အဆောက်အအုံသစ်ကြီး၌ မတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီက ကျင်းပသည်။ ယင်းအခမ်းအနားတွင် အသက်(၈၀)ပြည့်နှစ်နှင့်အထက် အသင်းဝင်များအား အသင်းအမှုဆောင်လူကြီးများ၊ ဟသ်ာတအသင်းဝင်များမှ ပူဇော်ကန်တော့ခဲ့ကြပြီး အကယ်ဒမီဦးမိုးဒီက ဟသ်ာတအဆောက်အအုံ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်တစ်သိန်း ထည့်ဝင်လှူဒါန်းသည်။

ချီးမြှင့်

ဆက်လက်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အသင်းဝင်များ၏ သားသမီးများအနက်မှ ခြောက်ဘာသာဂုဏ်ထူးရှင် သိပ္ပံဘာသာတွင် မြန်မာတစ်ပြည်လုံး ပထမအဆင့်ရ မောင်ဖြိုးအောင်ကျော်(**အပေါ်ယာပုံ**)နှင့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးအပါအဝင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ စုစုပေါင်းရှစ်ဦးနှင့် အာဆီယံရွက်လှေပြိုင်ပွဲတွင် U-12,2008 ရွက်လှေပြိုင်ပွဲ ပဉ္စမဆုနှင့် ပတ္တာယား Regatta 2008, Thailand ရွက်လှေပြိုင်ပွဲ တတိယဆုရ မောင်မိုးခန့်သာဒင်လှမြင့်တို့အား ဂုဏ်ပြု ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပါးလွှာပြီးခေါက်နိုင်၊ ဖြန့်နိုင်သော တီဗွီဖန်သားပြင်များထုတ်လုပ်မည်

ဘာသာပြန်သတင်းမှတ်စု

မိုးမြင့်လင်းလက်

ရုပ်မြင်သံကြားနှင့် ကွန်ပျူတာ မျက်နှာပြင်များကို စက္ကူရွက်ကဲ့သို့ ခေါက်နိုင်၊ ဖြန့်နိုင်သော ဖန်သား မျက်နှာပြင်များဖြင့် အစားထိုး ထုတ်လုပ်ရန် စီစဉ်နေကြောင်း ဆွီဒင်နိုင်ငံမှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

အမျိုးအစားစုံလင်သော အော်ဂဲနစ်အီလက်ထရွန်နစ်ပစ္စည်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရာတွင် ဈေးနှုန်းအလွန်သက်သာသည့် အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းအဖြစ် အသုံးပြုတွင်ကျယ်စေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

နည်းပညာ

နေစွမ်းအင်ခံပြားများကဲ့သို့သော အဆိုပါဖန်သားပြင်မှာ မူလရုပ်မြင်သံကြား ဖန်သားပြင်၏ နည်းပညာများကို အခြေခံ ထုတ်လုပ်ထားခြင်းဖြစ်သည်။ အင်တာနက်နှင့်ကွန်ပျူတာများ အသုံးပြုမှုများလာလေ ဖန်သားပြင် လိုအပ်လာလေဖြစ်သည်။

ပျော့ပျောင်း

ယခုတီထွင်ထုတ်လုပ်မည့် ဖန်သားပြင်ကို သဘာဝပစ္စည်းများဖြစ်သည့် သစ်ပင်၊ ပင်စည်နှင့် အကိုင်းအရွက်များကို ဓာတုနည်းပညာဖြင့်ပေါင်းစပ်ပြီး ပလတ်စတစ်ကဲ့သို့ ပစ္စည်းများလည်း ထည့်သွင်းကာ ပြုလုပ်မည်ဖြစ်သည်။ ထိုဖန်သားပြင်၏ အနေအထားမှာ စက္ကူတစ်ရွက်ကဲ့သို့ ပါးလွှာ ပျော့ပျောင်းကာ ခေါက်ချိုး ပြုလုပ်နိုင်ကြောင်း သိရသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် ယခုကဲ့သို့ပါးလွှာသော ဖန်သားပြင်များပေါ်တွင် ရုပ်ပုံနှင့်စာသားများ ပေါ်လာရန် အီလက်ထရွန်နစ် နည်းပညာများနှင့် အိုင်တီနည်းပညာများကိုလည်း ထည့်သွင်းအသုံးပြုမည်ဖြစ်သည်။

အလွန်ပါးလွှာ

ရုပ်မြင်သံကြား၊ အင်တာနက် ဝက်ဘ်ဆိုက်များမှ ထုတ်လွှင့်သည့် သတင်းဓာတ်ပုံများကို ရယူကာ အလွန်ပါးလွှာသည့်ဖန်သားမျက်နှာပြင်ကို တိုက်ရိုက်ပေးပို့ကာ အရုပ်နှင့်လှုပ်ရှားမှုများကို ပုံပေါ်စေမည့် ပထမဆုံး ဖန်သားမျက်နှာပြင်လည်း ဖြစ်သည်။ ထိုသို့ ရုပ်ပုံနှင့်လှုပ်ရှားမှုများကို ပေးပို့ရာတွင် ဖန်သားမျက်နှာပြင်သို့ လေဆာရောင်ခြည်ဖြင့်ထိုးကာ ပေးပို့မည်ဖြစ်သည်။

ထို့ကြောင့် အနာဂတ်ကာလတွင် တန်ဖိုးသက်သာပြီး ဈေးနှုန်းချိုသာကာ အလွန်ပါးလွှာသော ရုပ်မြင်သံကြား ဖန်သားပြင်များ ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

(**အင်တာနက်**)

■ *ကျော်ဖုံးမှ*

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၊ ပြည်တွင်းလိဂ်ဘောလုံးပြိုင်ပွဲနှင့် အခြားသော ဘောလုံးပြိုင်ပွဲများကြောင့် နှလုံးရောဂါရရှိသူဦးရေသည် နှစ်စဉ် ၂၀ရာခိုင်နှုန်းတိုးမြင့်လျက်ရှိကြောင်း၊ထိုအနေအထားမှ သေဆုံးသူဦးရေမှာ လေးရာခိုင်နှုန်းအထိ ရှိလာကြောင်း သိရသည်။

ထို့ကြောင့် နှလုံးရောဂါရှိသူ ပရိသတ်များအနေဖြင့် မိမိအားပေးသော အားကစားအသင်း၏အရေးကြီးသော ပွဲစဉ်များကို မကြည့်ရှုမီ ဆရာဝန်များထံ ကြိုတင်ပြသပြီးမှ ကြည့်ရှုအားပေးသင့်ကြောင်း၊ နှလုံးရောဂါပြင်းထန်စွာ ခံစားနေရချိန်၌ မိမိနှစ်သက်အားပေးသော အားကစားအသင်း၏ ယှဉ်ပြိုင်ကစားမှုကို မကြည့်ရှုသင့်၊ အားမပေးသင့်ကြောင်း အမေရိကန်သုတေသနပညာရှင်များက အကြံပြုထားသည်။

၁၃၇၀/၁၃၇၁ခုနှစ် မဟာသင်္ကြန် အခါတော်နှင့် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ-ရက်များ

နေပြည်တော် ဧပြီ ၂

၁။ **မဟာသင်္ကြန် အကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၇၀ ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ရက် (အင်္ဂါနေ့)၊
- ရခိုင်သက္ကရာဇ်-၁၃၇၀ ပြည့်နှစ် တာကူးလပြည့်ကျော် ၅ရက် (အင်္ဂါနေ့)၊
- ခရစ်နှစ် ၂၀၀၉ ဧပြီ ၁၄ရက် (အင်္ဂါနေ့) သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၃နာရီ ၁၅မိနစ် ၃၆စက္ကန့် အချိန်တွင် မဟာသင်္ကြန်အကျဖြစ်သည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ရက် (ဗုဒ္ဓဟူးနေ့)၊
- ရခိုင်သက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တာကူးလပြည့်ကျော် ၆ရက် (ဗုဒ္ဓဟူးနေ့)၊
- ခရစ်နှစ် ၂၀၀၉ ဧပြီ ၁၅ရက်(ဗုဒ္ဓဟူးနေ့)သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

၃။ **မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ရက် (ကြာသပတေးနေ့)၊
- ရခိုင်သက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တာကူးလပြည့်ကျော် ၇ရက် (ကြာသပတေးနေ့)၊
- ခရစ်နှစ် ၂၀၀၉၊ ဧပြီ ၁၆ရက် (ကြာသပတေးနေ့) သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် ၇နာရီ ၂၀မိနစ် ၁၈စက္ကန့် အချိန်တွင် မဟာသင်္ကြန် အတက်ရက်ဖြစ်သည်။

၄။ **မြန်မာ-ရခိုင်-နှစ်ဆန်း(၁)ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် (သောကြာနေ့)။
- ရခိုင်သက္ကရာဇ် ၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် (သောကြာနေ့)။
- ခရစ်နှစ် ၂၀၀၉ ဧပြီ ၁၇ရက် (သောကြာနေ့)သည် မြန်မာ-ရခိုင်-နှစ်ဆန်း(၁)ရက်နေ့ ဖြစ်သည်။

၅။ ၁၃၇၁ ခုနှစ်တွင် (အဓိမာသ-အဗျာတ) လထပ်-ရက်ငင် မရှိသောကြောင့်

- ဗုဒ္ဓဘာသာ သာသနာတော် ဝန်ထမ်း၊ ရဟန်းတော်အရှင်သူမြတ်တို့မှာ
- မြန်မာ-ရခိုင် ၁၃၇၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက် (အင်္ဂါနေ့)၊
- ခရစ်နှစ် ၂၀၀၉ ဇူလိုင် ၇ရက်တွင် ပထမ ပုရိမ ဝါကပ်တော်မူကြ၍
- မြန်မာ-ရခိုင် ၁၃၇၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်(ကြာသပတေးနေ့)၊
- ခရစ်နှစ် ၂၀၀၉ ဩဂုတ် ၆ရက်တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်သည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ် (၁၂၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၂၆)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ရေးသူဖတ်သူဆွေးနွေးပွဲ၊ မြင်းမူမောင်နိုင်မိုး၏ တင့်တယ်ခြင်း၊ နီမင်းဆွေ၏ မန်ကျည်းရိပ်၏မာယာ၊ ကိုကိုလှိုင်၏ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီး၏ ရွေးကောက်ပွဲအလားအလာ၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက အခြေခံအဆောက်အအုံရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၄) အိန္ဒိယအမည်လွှမ်းခဲ့တဲ့ ရန်ကုန်တစ်ဝန်းကမြေကွက်များ၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှဖွံ့ဖြိုးဝေစည်ဂျပန်ပြည် (အပိုင်း ၂၀)၊ အောင်လျှမ်းဝေ၏လွမ်းငွေ့မပြေချယ်ရီမြေ(၂၉)၊ အာရှမိုး၏ အိုဘားမားကိုယ်တိုင် ဝင်ရောက်ဖြေရှင်းပေးနေရတဲ့ အေအိုင်ဂျီ ငွေကြေးပြဿနာ၊ မိုး(ပျဉ်းမနား)၏ အင်တာနက်၊ အေဘရာဟင်လင်ကွန်း၏ အိတ်ဆောင်နာရီထဲမှ စစ်သတင်းလျှို့ဝှက်ချက်၊ ရုရှားလက်နက်ကုန်သည် ထိုင်းနိုင်ငံတွင်ဖမ်းမိ၊ လှုပ်ရှားလာသော အိန္ဒိယနိုင်ငံရေးကျားကွက်များ၊ အာဖဂန်နစ္စတန်ဆိုင်ရာ အိုဘားမားရဲ့ သံတမန်နည်းဗျူဟာ၊ အခြေအနေပိုမိုဆိုးရွားလာတဲ့ အမေရိကန်စီးပွားရေးအုပ်စုကြီးသုံးခု၊ ဥရောပရဲ့ အဓိကငွေကြေးအတိုးနှုန်းများကို လျှော့ချခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကို ကျားကန်ပေးနေ၊ တက်စ်လာကုမ္ပဏီက ခရီးဝေးမောင်းနှင်နိုင်မည့် လျှပ်စစ်ကားသစ် မိတ်ဆက်ပြသ၊ ကိုရီးယားဇာတ်လမ်းတွဲ 'ကျေးဇူးတင်ပါတယ်' အပိုင်း (၁မှ၆)၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀၊ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ်၊ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

အစ္စရေးအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

ဂျေရုဆလမ် ဧပြီ ၂

ဝန်ကြီးချုပ် ဘင်ဂျမင် နာတာညာဟု ခေါင်းဆောင်သည့် အစ္စရေးအစိုးရအဖွဲ့သစ်သည် မတ် ၃၁ရက်ညက တရားဝင်ကျမ်းသစ္စာကျိန်ဆိုကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ကျင်းပ

အစ္စရေးအစိုးရသစ်အဖွဲ့မှ ဝန်ကြီးများက ပါလီမန်ရုံးတွင် ကျမ်းသစ္စာကျိန်ဆိုကြပြီး တစ်ဦးချင်းစီ မှတ်တမ်းမှတ်ရာများကို လက်မှတ်ရေးထိုးကြသည်။ ယင်းကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ပါလီမန်တွင် ညဉ့်နက်ပိုင်းက ကျင်းပခဲ့ခြင်းဖြစ်သည်။

မဲပေးဆုံးဖြတ်

ကျမ်းသစ္စာကျိန်ဆိုပွဲ မကျင်းပမီက အမတ် ၁၂၀ရှိ ပါလီမန်တွင် ခြောက်နာရီကြာ စကားစစ်ထိုးပွဲ ဖြစ်ပွားခဲ့ပြီး (၃၂)ကြိမ်မြောက် အစိုးရဖွဲ့စည်းပုံနှင့်ပတ်သက်၍ ထောက်ခံမဲ ၆၉မဲ၊ ကန့်ကွက်မဲ ၄၅မဲ၊ မဲမပေးသူ ငါးဦးဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

အစ္စရေးအစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၃၀နှင့် ဒုတိယဝန်ကြီး ခုနစ်ဦးတို့ပါဝင်ကြရာ ၆၁နှစ်အတွင်း အစ္စရေးနိုင်ငံတွင် အင်အားအတောင့်တင်းဆုံးသော အစိုးရဖြစ်သည်။ ဝန်ကြီးချုပ်က ဘဏ္ဍာရေးဝန်ကြီးတာဝန်ကိုလည်း ဆောင်ရွက်မည်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအတွင်းရှိ ဝန်ကြီးအဆင့်ဆိုင်ရာ ရာထူးများအပေါ် ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်တွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက်ရှိရာ နှင်းရှင်းယာဉ်များဖြင့် ရှင်းလင်းနေသည်ကို မတ် ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ကုန်စည်ပြပွဲ၌ သတင်းစာစက္ကူဟောင်းများမှ ချည်မျှင်များဖြင့် ပြုလုပ်ကာ ချုပ်လုပ်ထားသည့်အင်္ကျီအား ပြသထားသည်ကို မတ်၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ဖလော်ရီဒါ၌ ပစ်ခတ်မှု သုံးဦးသေဆုံး တစ်ဦးဒဏ်ရာရရှိ

ဝါရှင်တန် ဧပြီ ၂

ဖလော်ရီဒါပြည်နယ် လာဂိုမြို့တွင် မတ် ၃၀ရက်က ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးထက်မနည်း သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က သတင်းအရ တုံ့ပြန်ဆောင်ရွက်ရန် တင်ပါဘေးဒေသအနီးရှိ အိမ်တစ်အိမ်သို့ သွားရောက်ခဲ့ရာ အကူအညီတောင်းနေသည့် အမျိုးသမီးတစ်ဦးကို တွေ့ရှိသည်ဟု ပင်နယ်လာဒေသရှိ ငြိမ်ဝပ်ပိပြားရေးရုံးက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များက အိမ်၏ နောက်ဖေးပေါက်မှ ဖျက်ဆီးဝင်ရောက်ခဲ့ရာ သေဆုံးသူသုံးဦးအား တွေ့ရှိခဲ့ရသည်။

သေနတ်ဒဏ်ရာရရှိသည့် အမျိုးသမီးတစ်ဦးအား ဆေးရုံသို့တင်ပို့ထားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လန်ဒန်မြို့၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအား ဆန္ဒပြ ဗြိတိသျှရဲတပ်ဖွဲ့က ဆန္ဒပြသူ ၁၀၀ကျော်တို့အား ဖမ်းဆီး

လန်ဒန် ဧပြီ ၂

ဗြိတိန်နိုင်ငံမြို့တော် လန်ဒန်တွင် ဂျီ-၂၀နိုင်ငံများ ထိပ်သီးအစည်းအဝေးကျင်းပနေစဉ်အတွင်း ဆန့်ကျင်ဆန္ဒပြသူများအား ဗြိတိသျှရဲတပ်ဖွဲ့က ဖမ်းဆီးမှုများပြုလုပ်ခဲ့ရာ ဧပြီ ၂ရက်အထိ ဖမ်းဆီးခံရသူဦးရေသည် ၁၀၀ကျော်အထိရှိလာခဲ့ကြောင်း ဗြိတိသျှရဲတပ်ဖွဲ့က ပြောကြားသည်။

ဆန္ဒပြသူအများစုအား ငြိမ်းချမ်းရေးဖောက်ဖျက်မှု၊ ကျူးကျော်ဖျက်ဆီးမှု သို့မဟုတ် စကော့တလန်ဘဏ် အဆောက်အအုံမီးရှို့မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရဲတပ်ဖွဲ့ဝတ်စုံများ တရားမဝင်ဝတ်ဆင်မှု စသည့် ပြည်သူ့လုံခြုံရေးဥပဒေများဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသည်။ အခြားပြစ်မှုများတွင် တိုက်ခိုက်ရေးလက်နက်များသယ်ဆောင်လာမှု၊ ခိုးခြောက်မှု၊ အဝေးပြေးလမ်းမ ပိတ်ဆို့မှုများပါဝင်သည်။

သေဆုံး

ဧပြီ ၁ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ လန်ဒန်မြို့၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများက စကော့တလန်ဘဏ်၏ တံခါးပေါက်များအား ဖျက်ဆီးခဲ့သဖြင့် ထိန်းမနိုင် သိမ်းမရဖြစ်ခဲ့သည်။ လန်ဒန်မြို့လယ်ရှိ ဘဏ်အဆောက်အအုံအနီးရှိ ဆန္ဒပြစခန်းတွင် လူတစ်ဦး လဲကျသေဆုံးနေသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။

ဆန္ဒပြ

ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက အင်္ဂလန်ဘဏ်၊ တော်ဝင်ငွေလဲလှယ်ရာဌာနနှင့် စကော့တလန်တော်ဝင်ဘဏ်တို့ အပြင်ဘက်တွင် စုရုံးကြပြီး ဆန္ဒပြစခန်းဖွင့်ထားကြသည်။ ငွေကြေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခက်အခဲပြဿနာများကြောင့် ယခုကဲ့သို့ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရိုမေးနီးယားတပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်၌ သေဆုံး

ကဘူးလ် ဧပြီ ၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးလ်ပြည်နယ် မြို့တော်ကာလက် အပြင်ဘက်တွင် မတ်၃၁ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရိုမေးနီးယားတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီး အဗ္ဗဒူရာမန်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အင်အား ၇၀၀၀၀ရှိသည့် နိုင်ငံစုံတပ်ဖွဲ့တွင် ရိုမေးနီးယားတပ်ဖွဲ့ဝင် ၉၀၀ခန့်လည်း ပါဝင်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

လမ်းဘေးဗုံးပေါက်ကွဲမှု၌ ခို့စ်မြို့တော်ဝန် သေဆုံး

ခို့စ် ဧပြီ ၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းခို့စ်ပြည်နယ် ခို့စ်မြို့မှ မြို့တော်ဝန် ရှာဟီအမီရူလာမှာ မြို့ဆင်ခြေဖုံးဒေသ၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မတ် ၃၁ရက်က သေဆုံးသွားကြောင်း အရာရှိများက ပြောကြားသည်။

မြို့တော်ဝန်၏မော်တော်ယာဉ်မှာ မတ် ၃၁ရက် ညနေ ၅နာရီ ၅မိနစ်ခန့်တွင် မြေမြှုပ်ဗုံး တက်နင်းမိပြီးနောက် ဗုံးပေါက်ကွဲထိမှန်ကာ မြို့တော်ဝန်ရှာဟီအမီရူလာ သေဆုံးသွားခြင်းဖြစ်သည်။ မြို့တော်ဝန်၏ တူနှစ်ဦးအပါအဝင် အခြားခြောက်ဦး ဒဏ်ရာရရှိသွားသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်မှုမဟုတ်သည့်ဖြစ်ရပ်ကြောင့် မတ် ၃၁ရက်တွင် သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ၎င်းတပ်ဖွဲ့ဝင်သည် နိုင်ငံစုံတပ်ဖွဲ့မှဖြစ်ပြီး အန်ဘာပြည်နယ်တွင် သေဆုံးသည်ဟု စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသော်လည်း မည်သည့်ဖြစ်ရပ်ကြောင့် သေဆုံးသည်ဟု အသေးစိတ်ဖော်ပြမှု မရှိပေ။

အမေရိကန်က အီရတ်နိုင်ငံအတွင်း ၂၀၀၃ခုနှစ် မတ်လတွင် ဝင်ရောက်တိုက်ခိုက်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၂၆၂ဦးအထိ မြင့်မားလာသည်ဟု အမေရိကန်စစ်ဌာနချုပ်၏ စာရင်းဇယားများအရ သိရှိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တောင်ဘက် ဟယ်လ်မန့်ပြည်နယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ်၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်စစ်သုံးစရိတ် ဒေါ်လာ ၆၈၅ဒသမ၇ဘီလီယံရှိ

ဝါရှင်တန် ဧပြီ ၂

၂၀၀၁ခုနှစ်နောက်ပိုင်း အမေရိကန်စစ်ဌာနချုပ်က အီရတ်စစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲနှင့် ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများတွင် သုံးစွဲသည့် ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၆၈၅ဒသမ၇ဘီလီယံရှိကြောင်း အမေရိကန်အစိုးရ၏ ပြည်သူ့အကျိုးစီးပွားကာကွယ်ရေးအဖွဲ့ဖြစ်သည့် ဂျီအေအိုက မတ် ၃၀ ရက်တွင် ကြေညာသည်။

အီရတ်စစ်ပွဲအတွက် ဒေါ်လာ ၅၃၃ ဒသမ၅ဘီလီယံ၊ အာဖဂန်နစ္စတန်၊ အာဖရိက အရှေ့မြောက်စွန်းဒေသနှင့် ဖိလစ်ပိုင်အတွက် ဒေါ်လာ၁၂၄ဒသမ၁ဘီလီယံနှင့် ကျန်ဒေါ်လာ ၂၈ဒသမ၁ဘီလီယံကို အမေရိကန် အမိမြေကာကွယ်ရေးစစ်ဆင်မှုများတွင် သုံးစွဲကြောင်း ဂျီအေအိုက ဖော်ပြထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ တန်ဂျောင်း ကွန်တိန်နာဆိပ်ကမ်းရှိ လုပ်ငန်းခွင်တစ်နေရာကို မတ် ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

၂၀၀၈ခုနှစ် တရုတ်လူဦးရေ စုစုပေါင်း ၁၃၂၈သန်းရှိ

ဂျီနီဗာ ဧပြီ ၂

တရုတ်နိုင်ငံအနေဖြင့် ပဋိသန္ဓေတားဆီးရေးမူဝါဒကို အကောင်အထည်မဖော်လျှင် ၂၀၀၈ခုနှစ်တွင် တရုတ်လူဦးရေ သန်းပေါင်း၁၇၀၀ ကျော်လွန်ခဲ့မည်ဖြစ်ကြောင်း တရုတ်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မတ်၃၁ရက်၌ ပြောကြားသည်။

ထည့်သွင်းပြောကြား

တရုတ်အမျိုးသားလူဦးရေနှင့် ထိန်းချုပ်ရေးကော်မရှင်ဆိုင်ရာ တာဝန်ရှိသူ လီပင်က ကုလသမဂ္ဂ၌ မတ်၃၀ရက်တွင် ဖွင့်လှစ်သည့် ကုလသမဂ္ဂလူဦးရေနှင့် ဖွံ့ဖြိုးမှုကော်မရှင် (၄၂)ကြိမ်မြောက် အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး ယခုအခါ တရုတ်နိုင်ငံ၏ လူဦးရေမှာ ၁၃၂၈သန်းရှိကြောင်း ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရန်ကုန်ကလေးဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံ ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် မတ် ၂၉ရက် နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့သွားရောက်၍ ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ဆောက်လုပ်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် ကလေးဆေးရုံကြီး မွေးကင်းစ ကုသဆောင်၌ တောင်ငူပြည်သူ့ဆေးရုံကြီးမှ လွှဲပြောင်းပေးခဲ့သည့် မစန်းစန်းမော်၏သား အသက် ၁၉ရက်ရှိ ရင်ချင်းဆက် အမြွှာညီအစ်ကို၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ ခွဲစိတ်ကုသဆောင်(၃)ရှိ မွန်ပြည်နယ် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှရောက်ရှိခဲ့သည့် ရင်ချင်းဆက် အသက်တစ်နှစ် သုံးလရှိ မစိုပြည်လင်းနှင့် မစိုပြည်ဝင်းတို့၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ တနင်္သာရီတိုင်း ထားဝယ် ပြည်သူ့ဆေးရုံကြီးမှ အသက်နှစ်လလေးရက်ရှိ ရင်ချင်းဆက်အမြွှာညီအစ်မ မအင်ကြင်းခိုင်နှင့် မအင်ကြင်းလှိုင်တို့အား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

လုပ်ငန်းခွင်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ကုသဆောင် ဆောက်လုပ်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ယူနီဗာဆယ်ကုမ္ပဏီလီမိတက်မှမန်နေဂျင်းဒါရိုက်တာဒေါက်တာဇော်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သွားရောက်ကာ မွေးကင်းစကလေး အထူးကြပ်မတ် ကုသဆောင်ရှိ ကလေးလူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေ၊ မွေးကင်းစ ကလေးငယ်များအား ပြုစုကုသပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်းနှင့်တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ကလေးဆေးရုံကြီးရှိ ရင်ချင်းဆက်အမြွှာကလေးများ၏ ကျန်းမာရေး အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(ကျန်းမာရေး)

ပြည် နည်းပညာတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

ပြည် ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပြည်နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့မှ စက်မှုကျွမ်းကျင်-၂ ဦးတင့်လွင်၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ရင်ရင်မြ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံဒုတိယရဲမှူးမြတ်ဦးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပြည်မြို့ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးအောင်ကျော်မြတ်နှင့် ကထိကများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ပြည်မြို့ နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးအောင်ကျော်မြတ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူးဒေါ်ရင်ရင်မြက ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာ အသိပညာများကိုလည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများကိုလည်းကောင်း**(အပေါ်ဝဲပုံ)**၊ ရဲအုပ်အေးမြင့်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ရဲအုပ်ကျော်အောင်က စက်ဘီးစီးသူနှင့် ခြေကျင်လျှောက်သူများလိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုရဲအုပ်အောင်မျိုးထက်က လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ အချက်ပြများနှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့သည်။

(ဝ၅၇)

စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းထူထောင်ရေး တောင်ငူ၌ နည်းစနစ်ဆိုင်ရာ သင်တန်းနှင့် တာဝန်ပေးအပ်

တောင်ငူ ဧပြီ ၂

ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူခရိုင် သစ်တောဦးစီးဌာနမှကြီးမှူး၍ စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းထူထောင်ရေး နည်းစနစ်ဆိုင်ရာ သင်တန်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ်၂၆ရက် နံနက်၈နာရီခွဲက တောင်ငူခရိုင် သစ်တောဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်အတွင်းရှိ ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးဌာနမှူးနှင့် သစ်တောဝန်ထမ်းများ စုစုပေါင်း ၆၅ဦး တက်ရောက်ကြသည်။

ပို့ချဆွေးနွေး

ရှေးဦးစွာ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း(၁)က မြို့နယ် တာဝန်ခံများထံ တာဝန်ပေးအပ်လွှာများ အပ်နှင်းကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းက လက်တွေ့ဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် ပတ်သက်၍ သင်တန်းပို့ချ ဆွေးနွေးသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မဟာသင်္ကြန်ရက်အတွင်း မထသယာဉ်လိုင်းများ ပြေးဆွဲမည်

ရန်ကုန် ဧပြီ ၂

မဟာသင်္ကြန်ရက်အတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) စီမံမှုအောက်ရှိ ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းများ အနက် အချို့ယာဉ်လိုင်းများကို မဟာသင်္ကြန်ရက် ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ လိုင်းပြေးဆွဲမှု ရပ်နားထားမည်ဖြစ်သည်။

ပုံမှန်ပြေးဆွဲမည်

ဘတ်စ်ယာဉ်လိုင်းများ၊ ကားလတ်ယာဉ်လိုင်းများ၊ ဟိုင်းလပ်၊ သီးသန့်ယာဉ်လိုင်းနှင့် ယာဉ်ငယ်လိုင်းအပါအဝင် ယာဉ်လိုင်းပေါင်း ၆၇လိုင်း၊ ယာဉ်စီးရေ ၁၁၀၂ စီးခန့်သည် မဟာသင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပုံမှန်အတိုင်း ပြေးဆွဲမည်ဖြစ်ကာ ယာဉ်စီးခမှာ မူလသတ်မှတ်နှုန်းထားအတိုင်း တောင်းခံသွားမည်ဖြစ်ပြီး ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့)မှ စတင်၍ ပုံမှန်အတိုင်း ယာဉ်လိုင်းအားလုံး ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကြီးအောင်လမ်းနှင့် ရုံးကြီးလမ်းဆုံရှိ တြိဂံပန်းခုံတွင် မြေယာရှုခင်း အလှဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင်အောင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးနီထွန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ရေများဖြည့်တင်း

နွားထိုးကြီး ဧပြီ ၂

နွားထိုးကြီးမြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန်ကိုးကန်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ် ၁၁ရက်က စည်ပင်ရေကားဖြင့် မြို့ပေါ်ခြောက်ရပ်ကွက်တွင် လှည့်လည်ရေဖြည့်တင်း၍ မီးလောင်မှုဖြစ်ပွားပါက ပြည်သူများ အလွယ်တကူအသုံးပြုရန် အဆိုပါရေကန်များတွင် သိုလှောင်ရေဂါလန်များပြ၍ ရေကန်ဆိုင်းဘုတ်များ စိုက်ထူထားကြောင်း သိရသည်။

(ဝ၉၂)

သရက်မြို့နယ်စည်ပင် မြို့တိုးချဲ့ရေပေးရေး လုပ်ငန်းဖွင့်

သရက် ဧပြီ ၂

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈နာရီက အောင်မင်္ဂလာကျောင်းလမ်း တောင်မင်းတည်းရပ်ကွက် စည်ပင်ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာရှေ့ ထပ်ဆင့်ရေတွန်းစက်ရုံအနီး မုခ်ဦး၌ကျင်းပပြီး နေ့စဉ် ရေဂါလန်ပေါင်း ၄၅၀၀၀၀ ဖြန့်ဝေပေးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဒွေးလွင်နှင့် တာဝန်ရှိသူများက အပတ်စဉ် စစ်ဆေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(ဝ၇၄)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီးများ
တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မတ် ၂၉ရက်က တနင်္သာရီတိုင်း မြိတ်မြို့ ကျွဲကူးကျေးရွာအုပ်စု ရေမြစ်ကြီးကျေးရွာ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ယူနိုက်တက်ကေအမ်ကေ(မြိတ်) ကုမ္ပဏီ၏ ကကတစ်(ခေါ်) ကပေါင်းငါး သားဖောက်ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးနှင့် ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြပြီး ကကတစ်ငါးသားဖောက်မွေးမြူပြုစုကန်များနှင့် ငါးသန်အဆင့် မြေကန်များတွင် ထည့်သွင်းမွေးမြူ ပြုစုထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြော

တိုင်းမှူးနှင့်ဝန်ကြီးများသည် မတ် ၃၀ ရက် နံနက်ပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမဆောင်၌ ကျင်းပသည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ သဘာဝဓာတ်ငွေ့ဖြင့် ပြုလုပ်ထားသည့် BIO Battery ဖြင့် မီးအလင်းရောင်ရရှိနိုင်သည့် အခြေအနေကို ရှင်းလင်းပြောကြား၍ ဝေးလံသည့် ကျေးလက်ဒေသများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆောင်ရွက်ပေး

ဝန်ကြီးများသည် ညနေပိုင်းတွင် ထားဝယ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၂၈ရက်က ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် စက်ဆန်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်/လယ်ယာရှိ တန်ဖိုးနည်း ဇီဝဓာတ်ငွေ့ထုတ်ကိရိယာများ စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မြိတ်မြို့ပုလဲရတနာခန်းမဆောင်၌ ကျင်းပသည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

Over Clocking နည်းပညာသရုပ်ပြပွဲအတွက် အကြိုရှင်းလင်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ Golden Power Technology နှင့် Personal Computer မဂ္ဂဇင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် ဟာ့ဒ်ဝဲနည်းပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခေတ်မီဟာ့ဒ်ဝဲများကို လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်၍ Over Clocking နည်းပညာသရုပ်ပြပြိုင်ပွဲတစ်ရပ်ကို Over Clocking Presentation Contest ခေါင်းစဉ်ဖြင့် ကျင်းပရန်ရှိသည်။ Over Clocking နည်းပညာသရုပ်ပြပွဲအတွက် အကြိုရှင်းလင်းပွဲကို ဧပြီ ၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅)၌ Golden Power Technology နှင့် Personal Computer မဂ္ဂဇင်းတို့မှ ပညာရှင်များက လက်တွေ့ပြသပေးမည် ဖြစ်သည်။

လက်တွေ့သရုပ်ပြ

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လက်တွေ့တပ်ဆင်ရာတွင် လိုအပ်သည့်အချက်များ၊ ကြုံတွေ့နိုင်သည့် အခက်အခဲများကို ဖြေရှင်းပုံများ၊ တင်ပြပုံတင်ပြနည်းများ၊ ရလဒ်ကောင်းများအတွက် အကြံညှိနှိုင်းဆွေးနွေးမှုများကို အလုပ်ရုံဆွေးနွေးပွဲ (Workshop) အသွင်ဖြင့် လက်တွေ့သရုပ်ပြသ ရှင်းလင်းမှုများ ပြုလုပ်မည်ဖြစ်သည်။

အသိပညာဖလှယ်

Over Clocking သရုပ်ပြပြိုင်ပွဲအတွက် လိုအပ်ချက်များကို သရုပ်ပြ ရှင်းလင်းမည်ဖြစ်သကဲ့သို့ တက်ရောက်လာသည့် ဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်လိုသူများဘက်မှလည်း လက်တွေ့ရှင်းလင်းပွဲတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ကြည့်ပြီး အတွေ့အကြုံနှင့် အသိပညာဖလှယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

တက်ရောက်ဆွေးနွေးနိုင်

အဆိုပါ အကြိုရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာ Hardware နည်းပညာကို လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို(အခမဲ့)တက်ရောက် ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်ကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ကျောက်ချောလမ်းသစ်ဖွင့်

ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ ကျောက်ချော လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က မင်္ဂလာမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၉)ထွက်ပြီ

ရန်ကုန် ဧပြီ ၂

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နာဂစ်မုန်တိုင်းအား ကျော်လွှားအောင်မြင်မှု မှတ်တမ်းဓာတ်ပုံများ ဖော်ပြထားသည့် ယခုတစ်ပတ် စိမ်းလဲ့ရွှေပြည်ဂျာနယ်တွင် ထုတ်လုပ်သူရော စားသုံးသူပါ အကျိုးရှိမည့် ပြည်တွင်းဈေးကွက် အမိအရယူဖို့လိုအပ်၊ အလေ့ကျပေါက်ပင်မှ အဆင့်မြင့်စက္ကူချောထုတ်လုပ်၊ ရေနံချောင်းစက်မှုဇုန်ထုတ် လေးဘွတ်ဈေးကွက်တွင် ယာဉ်ပိုင်ရှင်များ အကြိုက်တွေ့နေ၊ ကုန်စည်(၃၂)မျိုးတရုတ်သို့တင်ပို့၊ အမေရိကန်ဒေါ်လာ ၂၉သန်းတန်ဖိုးရှိ လယ်ယာစိုက်ပျိုးရေးသုံး ပစ္စည်းအတုများတွေ့ရှိ၊ ယွမ်ငွေအတု ခြောက်သိန်းကျော်ဖိုး ယူနန်ပြည်နယ်တွင် ဖမ်းဆီးရမိအစရှိသည့် ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ခိုင်မာသော ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များပေါ်ထွန်းရေး၊ ဉာဏ်ကြီးရှင်၊ သတင်းဆက်သွယ်မှု နိုင်ငံရေး၏ သဘာဝစသည့် သုတ၊ ရသဆောင်းပါး၊ ဝတ္ထုများ ဖော်ပြထားသည်။

အဆိုပါဂျာနယ်ရနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု
ကျေးလက်ဖွံ့ဖြိုးရေး မြေနီကျောက်စရစ်လမ်း ရွှေတောင်၌ဖွင့်

ရွှေတောင် ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း နွားခြံကုန်းနှင့် မြို့မလမ်း၊ ရွာသာယာကျေးရွာနှင့် ဆင်ငုံ(ရွာဟောင်း)ကျေးရွာအကြား မြေနီကျောက်စရစ်လမ်းဖွင့်ပွဲကို မတ် ၂၄ရက် နံနက်ပိုင်းက အဆိုပါ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က မြေနီကျောက်စရစ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး ဒေသခံပြည်သူများကိုယ်စား အုပ်စုဥက္ကဋ္ဌ ဦးဇော်ဝဏ္ဏက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အထိမ်းအမှတ်အလံများကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်**(အပေါ်ပုံ)**၊ ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်းရေးမှူး တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးမောင်မောင်အောင်နှင့် ခရိုင်ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ညွန့်တို့သို့ မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်သည်။ ယင်းနောက် လမ်းသစ်ကို ပြည်ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ နာယက ဦးခင်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

အဆိုပါလမ်းမှာ နိုင်ငံတော်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေကျပ် ကိုးသိန်းနှင့် ဒေသခံပြည်သူများ၏ လုပ်အားနှင့် ပစ္စည်းတန်ဖိုး ကျပ်ကိုးသိန်းကျော် စုစုပေါင်း ကျပ်၁၈သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့သည့်အတွက် နွားခြံကုန်း၊ မြို့မနှင့် သာစီကုန်း ကျေးရွာအုပ်စုများမှ ပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကောလင်းမြို့နယ် ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ကောလင်း ဧပြီ ၂

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်စာပေ ပြန့်ပွားရေးနှင့် ဖွင့်လှစ်ထားသော ကျေးရွာ ၂၁၀မှ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်လှူဒါန်းပွဲကို မတ် ၂၂ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မန္တလေးမြို့ ၂၉လမ်း၊ ၈၁လမ်းကြား x ၈၂လမ်းကြား မီးသတ်တိုက်တန်း (ပထမထပ်)နေ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ငွေမိသားစုက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ သုတ ရသ စာအုပ် ၁၂အုပ်နှင့် ဂျာနယ်၂၁၈စောင်ကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးနေဦး(အမျိုးသားစာပေဆုရ ကိုနေ-ကောလင်း)အား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ (၀၃၂)

ပခုက္ကူမြို့ အနောက်မကျီးကန်-ဖလံအို ကျောက်ချောလမ်းသစ်ဖွင့်

ပခုက္ကူ ဧပြီ ၂

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော အနောက်မကျီးကန်-ဖလံအို ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၆ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုးက လမ်းဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကံမြင့်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း ဖွင့်လှစ်ပေးကြောင်း သိရသည်။ (၀၇၀)

❐ *ကျောဖုံးမှ*

ကစားသမားတွေ အနာတရရှိနေလို့ ဒါမှမဟုတ် ပွဲပယ်ခံထားရလို့ မန်ယူအတွက် မကစားပေးနိုင်ချိန်မှာ ဖာဂူဆန်ဟာ သူ့အသင်း ယိုင်နဲ့မသွားအောင် အသေအချာလေး အဘက်ဘက်ကနေ ပြင်ဆင်ခဲ့တာတွေ့ရပြီးဖြစ်မှာပါ၊ မန်ယူဟာ ဒီရာသီမှာ ပွဲပေါင်းများစွာကို ဆက်တိုက်ကစားထားရလို့ ပွဲပန်းနေတာ မှန်ပေမယ့် ချန်ပီယံလိဂ်လိုနေရာမှာတော့ အမှားခံမယ် မထင်မိဘူး။ ဖလားငါးလုံးရဖို့အတွက် ချန်ပီယံဆုတွေကို တစ်လုံးပြီးတစ်လုံး ရယူနေတဲ့ မန်ယူဟာ ဖာဂူဆန်ကြောင့် မာယာများတဲ့ အသင်းတစ်သင်းဖြစ်နေတယ်။ ချန်ပီယံလိဂ်မှာ ဖာဂူဆန်ရဲ့ မန်ယူဟာ ကြွားကြွားဝါဝါနဲ့ မော်ရင်ညိုရဲ့ အင်တာကိုတောင် ခြေစွမ်းအသာနဲ့ အနိုင်ကစားခဲ့ပေမယ့် ပရီမီယာလိဂ်မှာတော့ လီဗာပူးနဲ့ ဖူလ်ဟမ်ကို မန်ယူမှ ဟုတ်ပါလေစဆိုတဲ့ အနေအထားမျိုးနဲ့ ရှုံးခဲ့တယ်။ ကွဲပြားတဲ့လမ်းနှစ်သွယ်က အနေအထားဟာ တူညီမှုမရှိသလို ပြင်ဆင်လုပ်ယူလို့မရတဲ့ အခြေအနေတွေကလည်းပဲ ဖာဂူဆန် ကြိုတင်တွက်ဆထားတဲ့အတိုင်း ဖြစ်လာခဲ့တယ်။ ချန်ပီယံလိဂ်ဆိုတာ မှားလို့မရတဲ့အတွက် ဖာဂူဆန်ဟာ သူ့အသင်းရဲ့ လုပ်အားနှုန်းကို နောက်ဆုံးညှစ်အားအထိ အစွမ်းကုန်ထုတ်ယူတယ်။ အတိမ်းအစောင်း မခံဘူး၊ ဒါကြောင့်လည်းပဲ အီတလီကလပ် အင်တာကို ကျော်ဖြတ်လာနိုင်ခဲ့တာပေါ့။ ဒါပေမယ့် တစ်ဖက်မှာ ပရီမီယာလိဂ်ပွဲနွှဲရတော့ ဖာဂူဆန်ဟာ လီဗာပူးကို မရှုံးရင်ပြီးရောဆိုတဲ့ပုံစံနဲ့ ကစားဖို့စီမံထားတယ်၊ ကစားသမားတွေကို အနိုင်ယူဖို့ထက် သရေပဲကစားနိုင်ရင်တော်ပြီဆိုတဲ့ အနေအထားမျိုးပေးပြီး ပွဲပန်းနေမှုကို ဖာဂူဆန်က ကစားသမားတွေအပေါ် နားလည်ပေးတယ်။ ဒီမှာ ဖြစ်ချင်တော့ မန်ယူက မရှုမလှရှုံးပါတယ်။ ဖာဂူဆန်ရဲ့ တွက်ကိန်း(၁)ဟာ ပျက်စီးသလိုဖြစ်တယ်။ ပရီမီယာလိဂ်မှာ အမှတ်ကွာဟမှုကို ချုံ့ချင်နေတဲ့ လီဗာပူးရဲ့ဆုတောင်းပြည့်ခဲ့တယ်။ ပြီးတော့ မန်ယူဟာ ပရီမီယာလိဂ်မှာပဲ ဖူလ်ဟမ်နဲ့ကစားတော့ ထပ်ရှုံးပြန်ပါတယ်။ နှစ်ပတ်ဆက်တိုက်ရှုံးတော့ မန်ယူရဲ့ ပါဝါတွေကျလာပြီလားလို့ မေးခွန်းထုတ်စရာဖြစ်လာတယ်။ မန်ယူရှုံးတာကတော့ လက်ခံသင့်တဲ့အရှုံးပါ၊ ဒါပေမယ့် ပရိသတ်တွေအနေနဲ့ကတော့ မကျေနပ်သံတွေနဲ့ ရှိနေတဲ့အပေါ် ဖာဂူဆန်က ကစားသမားတွေ ပွဲပန်းနေတဲ့အတွက်ပါလို့ လေပြည်ထိုးတယ်။ အများအမြင်မှာ ဖာဂူဆန်ရဲ့မန်ယူ ပွဲပန်းနေပြီလားလို့ ထင်မြင်လာတာတွေ့ရတယ်။ ဒါမျိုးဖြစ်လာခဲ့ရင် ဘာလုပ်မလဲဆိုတာ ဖာဂူဆန်ရဲ့တွက်ကိန်း(၂)က ဂုရုကြီးခေါင်းထဲမှာရှိနေမှာပါ။

ဗျူဟာ

ဘာလဲဆိုတော့ ဖာဂူဆန်ဟာ ပရီမီယာလိဂ်မှာ တကယ်ပဲ နှစ်ပတ်ဆက်တိုက်ရှုံးတဲ့အတွက် လီဗာပူးနဲ့ တစ်ပွဲလျော့ တစ်မှတ်သာကွာခြားတော့တာကြောင့် ဖိအားတွေရှိနေတာမှန်ပေမယ့် 'မန်ယူခြေစွမ်းကျနေပြီ' လို့ အပြင်မှာ အသံထွက်တာကို လိုချင်တဲ့ မန်ယူနည်းပြ ဖာဂူဆန်ဟာ သူ့အသင်း ချန်ပီယံလိဂ်မှာ စွာကျယ်စွာကျယ်ဖြစ်နေတဲ့ ဟန်ကို ပရီမီယာလိဂ်က အရှုံးတွေနဲ့ဖုံးချလိုက်သလိုပါပဲ။ ဒါမှလည်းပဲ တစ်ဖက်ပေါ်တိုက မန်ယူအပေါ် အထင်သေးစိတ်တွေဝင်ပြီး ကစားသမားတွေကအစ မန်ယူနဲ့ဆုံရင် ကိုယ်ဖိရင်ဖိမကစားဘဲ ပွဲပန်းနေတဲ့ 'မန်ယူလောက်တော့ အပျော့ပါကွာ' ဆိုတဲ့ စိတ်မျိုးဝင်လာမှာကိုစောင့်နေတဲ့ မန်ယူနည်းပြကြီး ဖာဂူဆန်ဟာ ပေါ်တိုကို ကျုံးသွင်းပြီး အပိုင်ရိုက်ချ အနိုင်ယူဖို့ရှိနေတဲ့ပုံစံပါ။ ဖာဂူဆန်ရဲ့ တွက်ကိန်းတွေဟာ ရှုပ်ထွေးလွန်းတဲ့ဗျူဟာတွေ ပါတယ်။ တစ်ကွက်ပြပြီး လေးငါးခြောက်ကွက်လောက်အထိရောက်အောင် လုပ်တတ်တဲ့ နည်းပြကြီးအနေနဲ့ ပေါ်တိုလိုအသင်းမျိုးကို အသာရအောင်လို့ အိုးထရက်ဖို့ဒ်မှာ အနိုင်ကစားမှာပါ။ ပွဲပန်းနေတဲ့ ကစားသမားတွေနဲ့ပဲ မန်ယူဟာ အကောင်းဆုံးဗျူဟာ တစ်ခုနဲ့ ပေါ်တိုကို အခက်တွေ့စေမှာပါ။

ပေါ်တိုကတော့ ၂၀၀၃-၂၀၀၄ ချန်ပီယံလိဂ်ရဲ့ ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်မှာ မန်ယူကို အဝေးကွင်းမှာ ၁-၁နဲ့ ကစားထားပြီး ဒုတိယအကျော့ အိမ်ကွင်းရောက်မှ ၂-၁ နဲ့ အနိုင်ကစားပြီး မန်ယူကို ပြိုင်ပွဲကနေ နှင်ထုတ်ခဲ့တဲ့ အသင်းပါ။ အခုတော့ ပြန်တွေ့ပါပြီ။ (၄)ကြိမ်မြောက် တွေ့ဆုံတဲ့ပွဲမှာ ပေါ်တိုက မန်ယူကို အဝေးကွင်းမှာ မနှစ်ကလို အရှုံးမရှိအောင် ကစားနိုင်ပါ့မလား၊ တစ်ချက်ရှိတာက ပေါ်တိုဟာ ၁၉၇၇-၁၉၇၈မှာတုန်းက ဥရောပရှုံးထွက်ဖိုလ်များဖလားပွဲမှာ မန်ယူကို အိုးထရက်ဖို့ဒ်မှာ ၅-၂ နဲ့ ရှုံးထားတယ်။ ပြီးတော့ ၁၉၉၆-၁၉၉၇ ချန်ပီယံလိဂ်မှာလည်း မန်ယူကို အဝေးကွင်းမှာ ၄-၀ နဲ့ ရှုံးထားသေးတယ်။ အဝေးကွင်းမှာ မန်ယူကို ပေါ်တိုဟာ အမြင့်ဆုံးကစားနိုင်တာက သရေပါပဲ၊ ဒီနှစ်ပေါ်တိုမှာလည်း ကစားသမားကောင်းတွေက ရှိပေမယ့် မန်ယူကစားသမားတွေလောက် မထက်မြက်ဘူး။ အိုးထရက်ဖို့ဒ်မှာ မန်ယူကစားသမားတွေ အနာခံကစားပြီး သေချာပေါက်အသာရအောင် လုပ်ယူမှာပါ။ ဖာဂူဆန်ကလည်းပဲ မန်ယူကို အများအထင်သေးခံရအောင်လို့လုပ်ပြီးမှ အိုးထရက်ဖို့ဒ်မှာ တွက်ခြေကိုက်အောင် ပေါ်တိုကို အနိုင်ပြတ်သားစွာနဲ့ ပထမအကျော့မှာ အနိုင်ယူမှာဖြစ်ပါတယ်။

ဗီလာရီးယဲလ်ကို မကြိုက်ဘူး

ဗီလာရီးယဲလ် - အာဆင်နယ်

အာဆင်နယ်မှာ ဝဲလ်ကော့ပါလာဖို့ဆိုတာ သိပ်မသေချာဘူး၊ ဒါပေမယ့် ကျန်သေးတဲ့ ကစားသမားတွေဟာ အာဆင်နယ်မှာ အချိတ်အဆက်မိမိနဲ့ ကစားနေတယ်။ အာရှာဗင်လည်းပဲ အာဆင်နယ်မှာ တစ်ပွဲပြီးတစ်ပွဲ အချိတ်အဆက်မိမိ ကစားနိုင်တာကြောင့် ကွင်းလယ်မှာ ဖာဘရီဂတ်စ် မကစားနိုင်ရင်တောင်မှ အခြေအနေကောင်းနေတယ်။ ဗီလာရီးယဲလ်ဟာ အင်္ဂလန်အသင်းကို အိမ်ကွင်းမှာ အနိုင်ကစားဖို့ဆိုတာ ရှိပေမယ့်လည်း မတည်ငြိမ်တဲ့ ကစားသမားတွေကြောင့် ဂိုးရဖို့ကမသေချာဘူး။ ရှေ့စီနဲ့ နီဟတ်တို့ဟာ ထိုးဖောက်မှုအပိုင်းမှာ ကစားအားကောင်းပေမယ့် အာဆင်နယ်နဲ့ ဆုံရင်တော့ လွယ်မယ်မထင်မိဘူး။ အာဆင်နယ်ရဲ့ တန်ပြန်တိုက်စစ်ကလည်းပဲ တော်တော်လေး ကစားပုံမာကျောတယ်။ တိုက်စစ်မှူးတွေဖြစ်တဲ့ ဗန်ပါစီ၊ အဒီဘာယောတို့ကလည်း ဘန်တနာတို့လိုပဲ အခွင့်အရေးရရင် ဂိုးသွင်းဖို့ ဝန်မလေးလို့ ဗီလာရီးယဲလ်သာ စောစောစီးစီး အဖွင့်ဂိုးပေးလိုက်ရရင် ၂၀၀၅-၂၀၀၆ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဆင့်မှာဆုံခဲ့သလို သရေကျဖို့တောင် အခုပွဲစဉ်မှာ လွယ်မယ်မထင်မိဘူး။ စပိန်ကလပ်အတွက်တော့ အာဆင်နယ်ကစားအားကို မနည်းလိုက်ထိန်းရနိုင်လို့ အာဆင်နယ်ကိုပဲ သဘောကျမိတယ်။

ဧပြီ ၈ရက်မှာ ကစားမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှာ လီဗာပူးက အိမ်ကွင်းမှာ ချယ်လ်ဆီးနဲ့ဆုံတယ်။ တစ်နှစ်အတွင်း (၃)ကြိမ်မြောက် တွေ့ဆုံပွဲဟာ အင်္ဂလန်ပရီမီယာလိဂ်နှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့အတွက် ဘာတွေဖြစ်လာကြမလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေသလို တစ်ဖက်က ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲစဉ်ကလည်း စိတ်ဝင်စားဖို့ ကောင်းနေပါတယ်၊ အသက်အရွယ်ပိုင်းမှာ ငယ်ရွယ်ကြတဲ့ နည်းပြနှစ်ဦးရဲ့တွေ့ဆုံပွဲမှာ ဘယ်သူက အနိုင်ရကြမလဲ။

အန်ဖီးလ်မှာ လီဗာပူးပါပဲ

လီဗာပူး - ချယ်လ်ဆီး

ဒီနှစ်သင်းကတော့ တော်တော့်ကို ရေစက်ဆုံပါတယ်။ ဘာကြောင့်လဲဆိုရင် လီဗာပူးနဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာ နှစ်စဉ် အိမ်ကွင်း၊ အဝေးကွင်း ကစားရလို့ ဆုံနေတာတင်မကပဲ ၂၀၀၇-၂၀၀၈ ချန်ပီယံလိဂ်ရယ်၊ ၂၀၀၆-၂၀၀၇ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာပါ ဆုံခဲ့ကြတဲ့အသင်းတွေပါ။ ဒီနှစ်မှာတော့ ချန်ပီယံလိဂ် ချန်ပီယံဖြစ်ဖို့အတွက် ချယ်လ်ဆီးနဲ့ လီဗာပူးတို့ဟာ မန်ယူနဲ့အတူ အကြိတ်အနယ် ယှဉ်ပြိုင်နေကြရတဲ့အသင်းတွေဖြစ်တယ်။ပြီးတော့ လီဗာပူးနဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲကစားပြီးခဲ့ရာမှာ လီဗာပူးကသာ အန်ဖီးလ်မှာ ၂-၀ နဲ့နိုင်ခဲ့သလို စတန်းဖို့ဒ်ဘရစ်ချ်မှာလည်း ၀-၁ နဲ့ လီဗာပူးကသာ နိုင်ခဲ့တာပါ။ အခုတော့ (၃)ကြိမ်မြောက်အဖြစ် ဘောလုံးရာသီတစ်ရာသီအတွင်းမှာ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ဆုံပြန်ပါပြီ၊ ချန်ပီယံလိဂ်မှာလည်း မကြာခဏ ဆုံခဲ့ဖူးတဲ့ အသင်းတွေ ဖြစ်နေပြန်တော့ ပရီမီယာလိဂ်မှာ ကစားရတဲ့ပုံစံနဲ့ သိပ်မကွဲပြားတဲ့ဟန်အတိုင်း ဒီနှစ်သင်း ကစားမှာပါ၊ လီဗာပူးဟာ လောလောလတ်လတ်မှာ ချယ်လ်ဆီးထက် ပိုပြီး ခြေစွာနေတဲ့ အသင်းပါ။ ရီးရဲလို အသင်းကိုတောင် အနိုင်ကစားလာတဲ့ အသင်းဖြစ်တယ်။ ပြီးတော့ ကြားမှာလည်း မန်ယူကို နှိပ်ကွပ်ခဲ့ပြန်တော့ ကစားသမားတွေဟာ စိတ်ဓာတ်ပိုင်းမှာ အသာရနေတယ်။ ဟစ်ဒင့်လက်ထဲက ချယ်လ်ဆီးအနေနဲ့ကတော့ နည်းပြ အပြောင်းအလဲဖြစ်သွားတဲ့ ဒဏ်ရာကြောင့်ရယ်၊ ကစားသမားကောင်းတွေထဲက ဒေကိုနဲ့ ဂျိုကိုးလ်တို့ မကစားနိုင်တာတွေဟာ အသင်းအတွက် အထူးထိခိုက်ပါတယ်။ ဒါကြောင့်လည်းပဲ လီဗာပူးမြေပေါ်မှာ ချယ်လ်ဆီးဟာ ခံစစ်သက်သက်နဲ့ပဲ ပွဲထွက်လာဖွယ်ရှိတယ်။ ရှေ့မှာတော့ လီဗာပူး ကစားသမားဟောင်း အနယ်လ်ကာနဲ့ ဒရော့ဂ်ဘာတို့ကိုတွဲပြီး အကောင်းဆုံးဖြစ်ဖို့ ဟစ်ဒင့်က ပုံစံချထားမှာပါ။ ဘင်နီတက်ဇ်ကလည်းပဲ သူ့အသင်းကို နောက်တစ်ကြိမ် ချန်ပီယံဖြစ်ဖို့အတွက် ပြင်ဆင်ပြီးဖြစ်လို့ ချယ်လ်ဆီးလိုအသင်းမျိုးကို တစ်ပွဲတိုးကစားနည်းတွေနဲ့ အသာရအောင်လို့ လုပ်ဦးမှာပါ။ ဘင်နီတက်ဇ်ဟာ ပရီမီယာလိဂ်မှာ အတွေ့အကြုံကောင်းတချို့ကိုလည်း ကြွယ်ဝစွာနဲ့ ရထားပြီးဖြစ်သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချယ်လ်ဆီးကို အတတ်နိုင်ဆုံး အနိုင်ကစားနိုင်အောင်လို့ လုပ်မှာပါ။ ကွင်းလယ်အားသာချက်ချင်း ယှဉ်ရင်လည်းပဲ အသာရဖို့ရှိနေတာက လီဗာပူးပါပဲ။ လီဗာပူးရဲ့ နောက်ဆုံးကစားသွားတဲ့ပွဲတွေက ကွင်းလယ်ကစားသမားတွေရဲ့ လုပ်အားနှုန်းဟာ အသင်းကြီးတော်တော်များများကို ကစားရခက်စေတယ်။ ဒါကြောင့် တစ်ချက်ထိ အမြန်ပေးကစားပုံနဲ့



လီဗာပူးတိုက်စစ်မှူး တောရက်စ် ရီးရဲ နောက်တန်းအား ဖြတ်ကျော်နေစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဖိအားပေးမယ့် လီဗာပူးဟာ ချယ်လ်ဆီးကို အိမ်ကွင်းမှာ အခက်တွေ့အောင် လုပ်ဖို့ မခက်နိုင်ပါဘူး။ တောရက်စ်ကိုသာမဲပြီး ချယ်လ်ဆီးကစားသမားတွေ ဝိုင်းထိန်းချုပ်နေရင် ကျန်တဲ့ကစားသမားတွေအနေနဲ့ လီဗာပူးအတွက် အခွင့်အရေးတွေရပြီး ဂိုးတွေသွင်းခွင့် ရသွားနိုင်ပါသေးတယ်။ ချယ်လ်ဆီးနောက်တန်းနဲ့ ဂိုးသမား ပီတာချက်အနေနဲ့ကတော့ ထိထိမိမိနဲ့ တစ်ဖက်တိုက်စစ်ကို ထိန်းချုပ်နိုင်ပါမှ အဆင်ပြေမှာပါ။ ဒါကြောင့်လည်းပဲ ဒီပွဲမှာ လီဗာပူးရဲ့ရှန်းကန်ကစားအားကိုသာ ရွေးထားဖို့အကောင်းဆုံးဖြစ်မှာပါ။ လီဗာပူး အနိုင်ရမှာပါ။

ဘာစီလိုနာပွဲပါပဲ

ဘာစီလိုနာ - ဘိုင်ယန်မြူးနစ်

ကလိုဆေးမပါနိုင်တဲ့အတွက် ဘိုင်ယန်ဟာ တိုက်စစ်အားပျော့သယောင်ရှိပါတယ်။ ဒါပေမယ့် ကလိုဆေးဟာ အရန်ကစားသမား ပိုဒေါလ်စကီးလောက် မမြန်ပါဘူး။ ပိုဒေါလ်စကီးကလည်း ကလိုဆေးနေရာဝင်ပြီး ခြေစွမ်းပြဖို့ အမြဲတမ်းအဆင်သင့် ဖြစ်နေတဲ့အတွက် ဒီပွဲမှာ ဘာစီလိုနာဘက်ကို အမိအရ ထိုးဖောက်ဖို့ကို ချောင်းနေမှာပါ။ ဘာစီလိုနာကလည်းပဲ ဒီနှစ်မှာ ချန်ပီယံဖြစ်ဖို့ ရေပန်းအစားဆုံး အသင်းတစ်သင်းအနေနဲ့ ရှိနေတော့ ဘာပဲဖြစ်ဖြစ် အခုပွဲမှာ ဘိုင်ယန်လိုအသင်းမျိုးဆီကနေ အနိုင်ပွဲတွေလုယူဖို့ကြံစည်ထားမှာပါ။ ဘိုင်ယန်လည်းပဲ ဘွန်ဒက်စ်လီဂါဘက်မှာ အခြေအနေမကောင်းလို့ ချန်ပီယံလိဂ်ဘက် လှည့်ရှန်းကစားနေတယ်။ ဂိုးသွင်းနှုန်းလည်းပဲ တက်နေတော့ အသင်းတိုင်း သတိထားနေရပါတယ်။ ဒါကြောင့်လည်းပဲ ဘာစီလိုနာအနေနဲ့ အခုပွဲမှာ ဘိုင်ယန်ရဲ့ တန်ပြန်ထိုးဖောက်မှုတွေကို လူစုံသုံးပြီး ကစားနိုင်ပါမှ ဖြစ်မှာပါ။ ဒီလိုမှမဟုတ်ရင်တော့ နူးကမ့်လို အိမ်ကွင်းမှာ ကစားရတာခက်ပါလိမ့်မယ်။ နူးကမ့်မှာ ဘာစီလိုနာဟာ မထင်မှတ်ထားလောက်အောင် အမှားကျူးလွန်တာမျိုးကို လစ္စဘွန်းနဲ့ပွဲရလဒ်၊ လီယွန်နဲ့ ပွဲရလဒ်ကလွဲလို့ သိပ်မတွေ့ရဘူး။ ဘာစီလိုနာအတွက် အဓိကအားနည်းချက်က ဂိုးသမားပါ။ ဘာစီလိုနာ ဂိုးသမား ဗားလ်ဒက်စ်က ဂိုးဖမ်းသေသပ်ပေမယ့် စိတ်မငြိမ်ဘူး။ ဒါကြောင့် တစ်ခါတစ်ခါ သူ့ရဲ့ဆုံးဖြတ်ချက်တွေ အမှားတွေဖြစ်နေတယ်။ ဒါကို လူကာတိုနီတို့က အခွင့်အရေးယူနိုင်ပါသေးတယ်။ ဒီတစ်ချက်ဟာ ဘာစီလိုနာရဲ့ အားနည်းချက်ပါ။ ဒါကြောင့်လည်းပဲ အခုပွဲမှာ ဗားလ်ဒက်စ်ရဲ့ အားနည်းနေမှုတွေကို ပြင်ဆင်ကစားနိုင်ဖို့ အရေးကြီးပါတယ်။ ပြင်ဆင်ထားနိုင်ခဲ့ရင်တော့ ဘာစီလိုနာအနေနဲ့ ဘိုင်ယန်မြူးနစ်ကို မက်ဆီ၊ အွန်နရီ၊ အီတူးစတဲ့ ကစားသမားတွေရဲ့အားနဲ့ အခက်တွေ့စေမှာပါ။

ဘိုင်ယန်လည်းပဲ ခံစစ်ပိုင်းနဲ့ ဂိုးသမားက မကြာခဏ အမှားတွေလုပ်နေတဲ့ အသင်းမျိုးဖြစ်နေတော့ ထိုးဖောက်မှုအားကောင်းတဲ့ ပြိုင်ဘက်အသင်းသားတွေကြားမှာ ဘိုင်ယန်ဟာ လဲပြိုသွားနိုင်ပါသေးတယ်။ ကလင်းစမန်းကတော့ သူ့အသင်းကို အဝေးကွင်းမှာ သရေပဲကစားစေမှာဖြစ်လို့ ပိတ်ဆို့ထားမှာကတော့ သေချာပါတယ်။ ဒါပေမယ့် မက်ဆီတို့ကို ထိန်းချုပ်ရတာ မလွယ်နိုင်လို့ ဘိုင်ယန်အနေနဲ့ ဘာစီလိုနာကွင်းမှာ အနိုင်ရဖို့ မလွယ်ပါဘူး။ သေချာတာကတော့ ဒီပွဲစဉ်က ဘာစီလိုနာပွဲပါပဲ။ ။

(မြန်မာ့အလင်း)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၉)

၂၀၀၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ

တစ်သက်တာ ကျန်းမာဖို့
သန့်ရှင်းအိမ်သာ သုံးကြစို့။

ကျန်းမာခြင်း အစ
လက်သန့်ရှင်းရေးက။

ရေကောင်းရေသန့် သုံးစွဲမှ
မိသားစုကျန်းမာရေး စိတ်အေးရ။

အစာစားတိုင်း သတိပြု
ကျန်းမာသန့်ရှင်းမှု။

unicef

နိုင်ငံခြားဇာတ်ကားသစ် Benjamin Button ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဧပြီ ၂

မင်းလူ၏ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် **အများနှင့်မသက်ဆိုင်သောသူ** ဇာတ်ကားမှာ သမ္မတ၊ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ပြသနေဆဲဖြစ်သည်။ ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိသေးဘဲ ဒါရိုက်တာ David Fincher ရိုက်ကူးပြီး ပါရာမောင့်ကုမ္ပဏီက တင်ဆက်လိုက်သော ၂၀၀၈ခုနှစ်အတွက် အော်စကာသုံးဆုရ ဇာတ်ကားသစ် The Curious Case of Benjamin Button ဇာတ်ကား နေပြည်တော်ရုံတွင် ရုံဝင်လာသည်။

ဘင်ဂျမင်ဘော်တွန်

ဘင်ဂျမင်ဘော်တွန်၏ ဘဝဇာတ်လမ်းကို မှတ်တမ်းတင်ထားသော ဇာတ်ကားဖြစ်သည်။ ဘင်ဂျမင်ဘော်တွန်ဆိုသူမှာ ကလေးဘဝတွင် အသက်အရွယ်ကြီးရင့်သူများမှာသာ ဖြစ်ပွားတတ်သော ရောဂါပေါင်းစုံနှင့် နပန်းလုံးခဲ့ရပြီး ငယ်ငယ်ရွယ်ရွယ်နှင့် အိုခန္ဓာရုပ်ပေါက်ကာ အဘိုးအိုရုပ်ရည် အိုမင်းနေသော်လည်း အသက်ကြီးလာသည်နှင့်အမျှ တဖြည်းဖြည်း ပြန်လည်ငယ်ရွယ်နုပျိုလာသော ထူးဆန်းသည့် ရောဂါဆန်းတစ်မျိုးဖြစ်နေသည်။ သူ့ဘဝတွင် အသက်ရှင်သန်ရန် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပြီး နောက်ဆုံးဘဝနေဝင်ချိန်တွင် ကလေးဘဝရုပ်သွင်ဖြင့် သေဆုံးခဲ့ရပုံများကို ဒိုင်ယာရီရေးကာ မှတ်တမ်းတင်ထားပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော သဘာဝလွန်ရောဂါဆန်းအကြောင်း ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ဘရက်ပစ်နှင့် ကိတ်ဘလန်ချက်တို့ အဓိကပါဝင်ထားသည်။

နိုင်ငံခြားဇာတ်ကားများ

သွင်ရုံတွင် ဂြိုဟ်သားကား Out Lander ပြသနေပြီး မင်္ဂလာရုံတွင် Eagle Eye ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရှေ့ဆောင်ရုံတွင် အိန္ဒိယဇာတ်ကားသစ် Ghajini ဇာတ်ကားပြသနေသည်။ မြို့မရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား Devdas ရုံဝင်လာသည်။ ချမ်းသာကြွယ်ဝသော်လည်း အချစ်ဦးနှင့် လွဲခဲ့ရ၍ အရက်သမားဘဝဖြင့် ဇာတ်သိမ်းမလှရှာသော လူငယ်တစ်ဦးအကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် နာမည်ကြီးမင်းသားချော ရှာရွတ်ခန်နှင့် ကမ္ဘာ့အလှမယ် မင်းသမီးချော အက်ရှဝါရာရိုင်းတို့ ပါဝင်ထားသည်။ ဘုရင့်ရုံတွင် မီသွန်းချက်ကရာဘာတီ၊ ဆဲလ်မန်ခန်း၊ ဆန်နီဒိုးလ်၊ ဘော်ဘီဒိုးလ်၊ မင်းသမီး ပရီတီးဇင်တာ၊ ဒီနိုမိုရီယာ တို့ပါဝင်ထားသည့် ရဲရင့်သူများအမည်ရ Heroes ရုံဝင်လာသည်။ ဒါရိုက်တာမောင်ယဉ်အောင်၏ **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားမှာ မြို့လယ်ဆုထူးပန်ရုံတွင် ပြန်လည်ရုံတင်လာသည်။ ။ **(မြန်မာ့အလင်း)**

'အများနှင့်မသက်ဆိုင်သောသူ' ဇာတ်ကားမှ ခန့်စည်သူနှင့် ထွန်းအိန္ဒြာဗို။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ မာဂျစ် ဘိစ်မာ့ခ်အား ခန့်အပ်ရန် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မာဂျစ် ဘိစ်မာ့ခ်သည် ၁၉၅၅ခုနှစ်တွင် တီဟီရန်မြို့၌ မွေးဖွားခဲ့ပြီး စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၀-၁၉၈၅ခုနှစ်အထိ တဲလက်ရှ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ခုနှစ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ဆီယာလီယွန်နိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ မာဂျစ် ဘိစ်မာ့ခ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာ မာဂျစ် ဘိစ်မာ့ခ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။

(သတင်းစဉ်)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် ဧပြီ ၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ Asia Plaza Hotel ၌ ဒေါက်တာ ဦးခင်မောင်ညွန့်က "Green Tourism"နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၅၅၉၆၇၂ နှင့် ၅၅၉၆၇၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မုံရွာခရိုင်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိခြင်း

အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂

စစ်ကိုင်းတိုင်း မုံရွာခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက်က မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။(**အပေါ်ပုံ**)

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့တော်ခန်းမ၌ ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပပြီး တိုင်းမှူးသည် ခင်းကျင်းပြသထားသော သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကဏန်းပျော့လုပ်ငန်းအဆင့်ဆင့်ကို တာဝန်ခံ ဦးမိုးကျော်ဟန်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

(မြန်မာ့အလင်း)

* *ကျောဖုံးမှ*

သတင်းအဖွဲ့သည် အဆိုပါကျွန်းမှ မော်တော်ယာဉ်ဖြင့် ကဏန်းပျော့ထုတ်လုပ်ရေးစခန်းသို့ ၁၅မိနစ်ခန့် ကားစီးသွားရသည်။ ယင်းကျွန်းပေါ်တွင် ရေလုပ်ငန်းများ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများရှိရာ ဝန်ထမ်းများနှင့်အလုပ်သမားများနေထိုင်ကြသဖြင့် မြို့တစ်မြို့သဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။

ရှင်းပြ

ကဏန်းပျော့ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိသည်ဆိုလျှင် ယင်းကဏန်းပျော့များ မွေးမြူထုတ်လုပ်ရေးကန်များကို တွေ့ရသည်။ ကဏန်းပျော့ထုတ်လုပ်ရေးစခန်းမှ ကိုမိုးကျော်ဟန်က မြန်မာ့အလင်းသို့ ရှင်းပြရာတွင် "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဒီကျွန်းပေါ်မှာ ကဏန်းပျော့များ ထုတ်လုပ်နေတာ လေးနှစ်ခန့်ရှိသွားပါပြီ။ ဒီမှာ ကဏန်းပျော့ထုတ်လုပ်ရေးကန် ၁၅ကန်ရှိပါတယ်။ တစ်ကန်ကို ကဏန်းကောင်ရေ ၆၅၀၀ မွေးမြူထားပါတယ်။ ဒီကဏန်းတွေကို ပင်လယ်မှာ ကဏန်းဖမ်းတဲ့ ရေလုပ်သားတွေဆီက တစ်ပိဿာကို ကျပ် ၃၀၀၀နဲ့ ပေးဝယ်ပါတယ်။ ဒီဝယ်လိုက်တဲ့ ကဏန်းတွေကို ကဏန်းမွေးတဲ့ကန်ထဲမှာ တစ်ကောင်ချင်းစီ ခြင်းလေးတွေနဲ့ ထည့်ထားပါတယ်။ ကဏန်းတွေဟာ ပင်လယ်မှ ဖမ်းလာပြီး ၄၅ရက်အတွင်းမှာ ကြီးထွားဖို့ရာအတွက် အရေခွံလဲလေ့ရှိပါတယ်။ အဲဒီလို ကဏန်းအရေခွံလဲတဲ့ အချိန်မှာ တစ်နာရီကြား စောင့်ကြည့်နေတဲ့ရေလုပ်သားများက အခွံပျော့ကဏန်းကို ရေချိုထဲ ကောက်ထည့်ပေးရပါတယ်။ ဒီလို ရေငန်ထဲက ရေချိုကို ရုတ်တရက်ပြောင်းထည့်လိုက်တာကြောင့် ကဏန်းဟာ အခွံပြန်မမာနိုင်တော့ဘူး၊ ကျွန်တော်တို့ရဲ့ ကဏန်းပျော့ထုတ်လုပ်မှုက ဒီလောက်ပါပဲ။ ကဏန်းတွေကို သားဖောက်ပြီး မွေးမြူထုတ်လုပ်တဲ့လုပ်ငန်း မဟုတ်ပါဘူး။ ပင်လယ်မှဖမ်းယူရတဲ့ ကဏန်းကို အရေခွံလဲလိုက်တဲ့ အချိန်မှာ ရေငန်ထဲမှ ရေချိုထဲပြောင်းထည့်လိုက်တာကြောင့် ကဏန်းတွေ ရုတ်တရက် အခွံပြန်မမာနိုင်တာပါ" ဟု ပြောကြားသည်။

"အရေလဲပြီးတဲ့ ကဏန်းတွေကို ကလိုရင်းပါတဲ့ ရေမှာ ခေတ္တမျှစိမ်ထားပြီး အအေးခန်းသို့ ထုပ်ပိုးပို့ပေးရပါတယ်၊ ကလိုရင်း ရေမှာစိမ်ပေးလိုက်သဖြင့် ကဏန်းမှာ ပါလာတဲ့ ဗက်တီးရီးယားပိုးများ သန့်စင်သွားစေပါတယ်" ဟု ကိုမိုးကျော်ဟန်က မြန်မာ့အလင်းသို့ရှင်းပြသည်။

ကဏန်းများ ကန်ထဲမှာ မွေးမြူထားစဉ်အတွင်း ငါးများကို တစ်လက်မပတ်လည် အတုံးလေးများ ပြုလုပ်ကျွေးရပါတယ်၊ ကဏန်းများကို ရေလုပ်သားများထံမှ တစ်ပိဿာ ကျပ် ၃၀၀၀နဲ့ဝယ်ပြီး ၄၅ရက်အတွင်းမှာ အရေခွံလဲနိုင်ပါတယ်။ ဒီလိုအရေခွံလဲတဲ့ အချိန်မှာ ကောက်ယူပြီး ရေချိုထဲထည့်နိုင်အောင် ရေလုပ်သားများက တစ်နာရီကြား ရေထဲမှာ ကြိုးများဖြင့် ဆွဲဆွဲကြည့်ပေးရပါတယ်၊ ဒီအတွက် ဝန်ထမ်း ၃၀၀ ကျော်ခန့် ထားပေးပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဈေးကွက်

ပြည့်ဖြိုးထွန်းကုမ္ပဏီအနေဖြင့် ယင်းကဲ့သို့ ပင်လယ်ကဏန်းများကို ကဏန်းပျော့အဖြစ် ထုတ်လုပ်၍ တရုတ်ဈေးကွက်သို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ ယင်းကဏန်းပျော့များကို ဩစတြေးလျ၊ ဟောင်ကောင်နှင့် ထိုင်းတို့ကလည်း အများအပြား ဝယ်ယူစားသုံးလာကြသည်ဟု ဆိုသည်။

ဝယ်လိုအား

သို့ဖြစ်ရာ မြန်မာနိုင်ငံမှ ငါးလုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် ရှိရင်းစွဲ ရေထွက်ပစ္စည်းများကို ပြုပြင်ထုတ်လုပ်မှုများ ပြုလုပ်ခြင်းဖြင့် ပြည်ပဝယ်လိုအားကောင်းသော ဈေးကွက်များသို့ အများအပြား ထုတ်လုပ်တင်ပို့ကာ နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေရေးလုပ်ကိုင်သွားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ (**မြန်မာ့အလင်း**)

ကဏန်းပျော့ရရှိရန် ကဏန်းအရေခွံလဲချိန်ကို ၂၄နာရီ အမြဲမပြတ် ဤသို့စောင့်ကြည့်ကြရသည်။

(မြန်မာ့အလင်း)

အရေခွံလဲပြီး ကဏန်းပျော့(ဝဲ)ကို အရေခွံနှင့်အတူ ပက်လက်အနေအထား တွေ့ရစဉ်။

(မြန်မာ့အလင်း)



မြန်မာနိုင်ငံမှ ငါးလုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်း ထုတ်လုပ်သူများအနေဖြင့် ရှိရင်းစွဲ ရေထွက်ပစ္စည်းများကို ပြုပြင်ထုတ်လုပ်မှုများ ပြုလုပ်ခြင်းဖြင့် ပြည်ပဝယ်လိုအားကောင်းသော ဈေးကွက်များသို့ အများအပြားထုတ်လုပ်တင်ပို့ကာ နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေရေးလုပ်ကိုင်။

မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် ဧပြီ ၂

သစ်တောသိပ္ပံဘွဲ့ရများ မြတ်ဆရာပူဇော်မည်

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ၁၉၆၇ခုနှစ်မှ ၁၉၇၃ခုနှစ်များအတွင်း သစ်တောသိပ္ပံပညာဘွဲ့ရရှိခဲ့သော တပည့်ဟောင်းများက ထိုစဉ်က ပညာသင်ကြားပေးခဲ့သော သစ်တောပညာ ဆရာကြီးများအား ဧပြီလ နောက်ဆုံးပတ်အတွင်း ပူဇော်ကန်တော့ရန်စီစဉ်ထားရာ ဖုန်း-၀၅၃-၂၄၇၇၉၊ ၀၉-၅၁-၀၁၀၄၆ နှင့် ၀၂-၆၁၂၃၉ တို့သို့ မေ ၃၁ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်သည်။

ကလေးပန်းချီပြပွဲပြိုင်ပွဲဝင်ရန် ဖိတ်ခေါ်

တရုတ်နိုင်ငံ ကျန်ကျင်းမြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြပွဲ ပြိုင်ပွဲတွင် အသက် ၁၈နှစ်အောက် (အခြေခံပညာကျောင်းသား ကျောင်းသူ အပါအဝင်) မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဧပြီ ၂၄ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)သို့ ရုံးချိန်အတွင်း ပေးပို့နိုင်ပြီး ဖုန်း-၀၉-၅၀-၄၃၀၈၂သို့ အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်သည်။

ပညာရေးဘွဲ့ အနီးကပ်သင်တန်းဖွင့်မည်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူ နွေရာသီ အနီးကပ် သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အပတ်စဉ်(၂၇) ပထမနှစ်နှင့် အပတ်စဉ်(၂၆) ဒုတိယနှစ်သင်တန်းများကို ဧပြီ ၂၄ရက်မှ မေ၁၅ရက်အထိ ဖွင့်လှစ်ပြီး မေ၁၀ရက်မှ ၂၂ရက်အထိ စာမေးပွဲ ကျင်းပမည်ဖြစ်ရာ သင်တန်းတက်ရောက်ရန် ဧပြီ ၂၃ရက် နောက်ဆုံး သတင်းပေးပို့ရမည်ဖြစ်သည်။

အမှတ်ပေးဟော်ကီပြိုင်ပွဲ ကျင်းပ

၂၀၀၉ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပလျက်ရှိရာ အသင်းပေါင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဧပြီ ၅ရက်အထိ ပြိုင်ပွဲများကျင်းပ၍ ယင်းနေ့ ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ကောလိပ်များတွင် မိုးလေဝသဌာနများဖွင့်ရန်စီစဉ်နေ

မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ် ကောလိပ်များတွင် ရာသီဥတုဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ မိုးလေဝသဌာနများ မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ မိုးလေဝသဌာနများဖွင့်လှစ်မှုကို ရန်ကုန်မြို့၌ စတင်ရန် စီစဉ်ထားပြီး မန္တလေးမြို့၌ ဒုတိယဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

လက်မှတ်ရ စာရင်းကိုင်သင်တန်းဖွင့်မည်

သမဝါယမဝန်ကြီးဌာန ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန၏ စီမံမှုဖြင့် သမဝါယမသင်တန်းကျောင်း တောင်ကြီးမှ အစိုးရအသိအမှတ်ပြု CBA လက်မှတ်ရ စာရင်းကိုင်သင်တန်း ၂၂/၂၀၀၉ ကို မေ ၅ရက်မှ ဩဂုတ် ၁၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ သင်ကြားမည်ဖြစ်ရာ လျှောက်လွှာများ လက်ခံနေပြီး အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ကြီး သမဝါယမသင်တန်းကျောင်း တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၃၂၀နှင့် ၀၉-၅၂-၁၄၅၆၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ယိမ်းအကပြိုင်ပွဲဝင်လိုက စာရင်းပေးသွင်းနိုင်

၁၃၇၀ပြည့်နှစ် မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို မူလတန်းကြိုကျောင်း ယိမ်း၊ ရုံးဌာန၊ ကျောင်းနှင့် အခြား အဖွဲ့အစည်းများ ယိမ်းဟူ၍ အမျိုးအစားခွဲ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော ယိမ်းအသင်းများ ဧပြီ ၇ရက် နောက်ဆုံးထားပြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စစ်ဆေးရေးဌာနရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး ဖုန်း- ၃၇၉၆၉၃၊ ၃၇၄၈၂၂နှင့် ၃၇၈၀၀၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မွေး/ကု တက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

၁၉၇၃-၁၉၇၉ခုနှစ်အတွင်း မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့၌ အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၂၅၇၇၊ ၂၉၈၄၈၉ နှင့် ၀၂-၆၀၆၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မသန်စွမ်းသူများ အပန်းဖြေခရီးပို့ဆောင်မည်

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအား ဧပြီ၁၉ရက်မှ ၂၁ရက်အထိ ချောင်းသာရွှေဟသာ်မိုတယ်၌ အနားယူအပန်းဖြေနိုင်ရန် စီစဉ်လျက်ရှိရာ အသေးစိတ်သိရှိလိုပါက အခန်း B-၁၀၄ အမှတ် ၇၉၇ မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်လမ်း(ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊ ၂၂၉၀၈၇နှင့် ၂၁၅၉၃၉ တို့သို့ ဆက်သွယ်နိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

● ရှေ့ဖုံးမှ

နည်းစနစ်မှန်မှန်

ကြိမ်ချောင်းကျေးရွာရှိတောင်သူ ဦးထွန်းမြင့်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ "ပဲတီစိမ်းစိုက်ဧက ၂၅ဧက ရှိပါတယ်၊ ရေငန်ဝင်တာကတော့ ရှိခဲ့တာပေါ့၊ ဒါပေမယ့် ကျွန်တော်တို့က ပဲတီစိမ်း စိုက်ပျိုးတဲ့အခါ နည်းစနစ်မှန်မှန်နဲ့ တကယ်တမ်းလက်တွေ့မှာ အကျိုးပြုတဲ့ မြေဩဇာတွေ အသုံးပြုခဲ့လို့ပါပဲ။ ဘယ်လို စိုက်ပျိုးရမယ်၊ မြေကို ဘယ်လို ပြုပြင်ရမယ်ဆိုတာကို စိုက်ပျိုးရေးက တာဝန်ရှိတဲ့ သူတွေ အကြံပြုတာတွေ အတိုင်း ဆောင်ရွက်ခဲ့သလို မြေဩဇာကိုလည်း ဘိုင်အိုစူပရင်း သုံးစွဲခဲ့လို့ စိုက်ပျိုးရေးမှာ ဘာမျှ ထိခိုက်မှုမရှိခဲ့ပါဘူး"ဟု ရှင်းပြသည်။

ပဲတီစိမ်းပင်များ

ကြိမ်ချောင်းကျေးရွာ အနီး၌ တောင်သူ ဦးထွန်းမြင့် စိုက်ပျိုးထားသော နေကြာနှင့် ပဲတီစိမ်းစိုက်ခင်းများမှာ အရွက်ဖားဖားနှင့် စိမ်းလန်းလျက်ရှိသည်ကိုတွေ့ရသည်။မြေပြင်ကို မမြင်ရအောင် သန်စွမ်းနေသော ပဲတီစိမ်းအပင်များက သတင်းအဖွဲ့ကို ရင်သပ်ရှုမော ဖြစ်စေခဲ့သည်။

"အချိန်အခါမီအောင် ထွန်ယက်တယ်၊ မျိုးကောင်းမျိုးသန့် သုံးတယ်၊ ဘိုင်အိုစူပရင်း မြေဩဇာကို သုံးတော့ မြေအစိုဓာတ်လည်း ထိန်းတယ်။ ဒါ့အပြင် မြေချဉ်၊ မြေငန်လည်း ထိန်းပြီး တစ်ဧကကို ဘိုင်အိုစူပရင်း မြေဩဇာ နှစ်အိတ်လောက်သုံးတော့ မနှစ်က တစ်ဧက ခုနစ်တင်းလောက်ပဲ ထွက်တာ၊ အခု ၁၅တင်းအထိ ပဲတီစိမ်း ထွက်လာတယ်။ ထူးခြားတာက ပိုးကျခြင်း မရှိတာပါပဲ။ ရေငန်ဝင်မှုကြောင့် သီးနှံအထွက် ထိခိုက်မှု မရှိတဲ့အပြင် ပိုထွက်လာပါတယ်" ဟု ပဲတီစိမ်းများကို ကိုင်တွယ်ကာ ရှင်းပြသည်။

အထွက်နှုန်း

ဧရာဝတီတိုင်းအတွင်း လယ်ယာစိုက်ပျိုးမြေများ ရေငန်ဝင်မှုကြောင့် စိုက်ပျိုးမှုနှင့် သီးနှံအထွက်တိုးမှုများ ထိခိုက်ခြင်းမဖြစ်ပေါ်စေရန်နိုင်ငံတော်မှ မပြတ်တမ်းကြည့်ရှုကာ အကူအညီနှင့် ထောက်ပံ့ဖြည့်ဆည်းမှုများ ရှိခဲ့သဖြင့် ဧရာဝတီတိုင်း၏ ယခုနှစ် စိုက်ပျိုးသီးနှံ အထွက်နှုန်း ကောင်းမွန်ခဲ့သည်။

၅၂တင်းကျော်ထွက်

ထို့နောက် လပွတ္တာမြို့နယ် ညောင်လိန်ကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ညောင်လိန်ကျေးရွာဝန်းကျင်တွင် ဝင်းမှည့်နေသော နွေစပါးစိုက်ခင်းများကို တွေ့ရသည်။ စပါးနှံများ ကြီးထွားဖွံ့ဖြိုးကာ အပင်ညွတ်ကျမတတ်ဖြစ်နေသည်။ ညောင်လိန်ကျေးရွာရှိ လယ်သမားကြီး ဦးဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "စပါးစိုက်ဧက ၂၀ ရှိပါတယ်။ အားလုံး ဆင်းသုခမျိုးတွေချည်းပါပဲ။ ရေငန်ဝင်မှုကြောင့် အထွက်နှုန်း မထိခိုက်အောင် တာဝန်ရှိသူတွေ အမြဲတမ်းကြီးကြပ်ပေးပါတယ်။ လှူဒါန်းလို့ ရထားတဲ့ ဘိုင်အိုစူပရင်း မြေဩဇာကို အသုံးပြုတော့ အရင်က တစ်ဧကစပါး၄၅တင်း ထွက်ခဲ့တာ အခု ၅၂တင်းကျော် ထွက်ရှိပါတယ်။ ရေငန်ဝင်မှုကြောင့် စပါးစိုက်ပျိုးမှု မထိခိုက်ပါဘူး" ဟု ရှင်းပြသည်။

သဘာဝမြေဩဇာ

ညောင်လိန်ကျေးရွာအနီး မတ်ပဲစိုက်ခင်းများလည်း တွေ့ရှိရသည်။ မတ်ပဲပင်များ စိုက်ပျိုးမှုဖြစ်ထွန်းခဲ့သဖြင့် တစ်ဧက ခြောက်တင်းနှုန်း ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်၌ ထူးထူးခြားခြား သီးနှံဖျက်ပိုး မကျကြောင်း၊ ယင်းမှာစိုက်ပျိုးရန် မြေပြုပြင်စတင်ကတည်းက စနစ်တကျ သဘာဝမြေဩဇာနှင့် ဇီဝ မြေဩဇာများ အသုံးပြု၍ ဖြစ်ကြောင်းသိရသည်။

မျက်စိတစ်ဆုံး

ထို့နောက် လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကျောက်မှော်ကျေးရွာသို့သွားရာ လမ်းဘေး ဝဲယာ တစ်ဖက်တစ်ချက်တွင် စပါးစိုက်ခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။ ကျောက်မှော်ကျေးရွာသည် ဆန်စပါးစိုက်ပျိုးမှု အဓိကထားသော ကျေးရွာဖြစ်သည်။ ကျောက်မှော်ကျေးရွာသို့ ရောက်ရှိပြီး လယ်သမားကြီး ဦးငွေနိုင်နှင့် တွေ့ဆုံမေးမြန်းရာ "စိုက်ဧက ၁၀၀ ရှိပါတယ်၊ စပါးမျိုးတွေကတော့ ငစိန်နဲ့ ပေါ်ဆန်းယဉ်တွေပါပဲ၊ ရေငန်ဝင်ပေမယ့် စပါးစိုက်မြေတွေရဲ့ ဂုဏ်သတ္တိ မပျက်အောင် တာဝန်ရှိသူတွေရဲ့ အကြံပြုချက်တွေကို လိုက်နာပြီး ဆောင်ရွက်ခဲ့ပါတယ်၊ ဘိုင်အိုစူပရင်းမြေဩဇာကို စနစ်တကျ သုံးစွဲလို့လည်း ပိုးကျမှုနဲ့ အထွက် ထိခိုက်မှုမရှိခဲ့ပါဘူး"ဟု ရှင်းပြသည်။

အကျိုးပြု

ရေငန်ဝင်ဒေသများတွင် စိုက်ပျိုးမြေ၏ ရူပဂုဏ်သတ္တိများ ပျက်စီးတတ်သော်လည်း အကျိုးပြုအဏုဇီဝ သက်ရှိလေးများ ပါရှိပြီး ဓာတုပစ္စည်း မပါရှိသည့် ဘိုင်အိုစူပရင်း ဇီဝဓာတ်မြေဩဇာများကို ဧရာဝတီတိုင်းရှိ တောင်သူလယ်သမားများ ထိထိရောက်ရောက် အသုံးပြုနိုင်ကြသဖြင့် စိုက်ပျိုးသီးနှံ အထွက်နှုန်း မလျော့ကျခြင်းလည်း အချက်တစ်ချက်ဖြစ်သည်။

ယခု ကျောက်မှော်ကျေးရွာမှ လယ်သမားကြီး ဦးငွေနိုင်အနေဖြင့် စပါးအထွက်နှုန်း တစ်ဧက တင်း ၆၀ကျော် ထွက်ရှိခြင်းမှာ နိုင်ငံတော်က ပံ့ပိုးမှု၊ စိုက်ပျိုးမှုမှန်ကန်မှု၊ သဘာဝပေါက် အပင်များဖြစ်သော ဒိုက်၊ ဗေဒါ၊ ကိုင်းပင်နှင့် ကျူပင် စသည့် သဘာဝ အပင်များဖြင့် ပြုလုပ်ထားသော ဘိုင်အိုစူပရင်း ဓာတ်မြေဩဇာ သုံးစွဲမှုကြောင့် ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ဧရာဝတီတိုင်းရှိ မြစ်ပေါက်ကျေးရွာအုပ်စု၊ လပွတ္တာလုပ်တောင် ကျေးရွာအုပ်စုများတွင်လည်း စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့မြင်ရသည်။ မတ်ပဲစိုက်ခင်းများ၊ နေကြာစိုက်ခင်းများ၊ ပဲတီစိမ်းစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။

စပါးကျီ

ဤသို့ စိုက်ပျိုးခင်းများ အောင်မြင်စွာ ဖြစ်ထွန်းနေမှုမှာ နိုင်ငံတော်မှ ပံ့ပိုးမှု၊ စိုက်ပျိုးစနစ် ကောင်းမွန်မှု၊တောင်သူလယ်သမားများ၏လုံ့လဝီရိယထားပြီး ကြိုးစားအားထုတ်မှုနှင့် မှန်ကန်သော သဘာဝဓာတ်မြေဩဇာများ သုံးစွဲမှုကြောင့် နိုင်ငံတော်၏ စပါးကျီသည် ပြည့်လျှံနေလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အောင်မြင် ဖွံ့ဖြိုးကာ ကြီးထွားနေသော နေကြာစိုက်ခင်းမှ နေကြာပွင့်ကြီးကလည်း ဤသို့။ (စိုက်ပျိုးရေး)

"ဘိုင်အိုစူပရင်း မြေဩဇာသုံးစွဲလို့ပါ"
ဘီတွတ်ကျေးရွာအုပ်စုမှ ဦးထွန်းမြင့်
(စိုက်ပျိုးရေး)

သီးနှံဖျက်ပိုးများ ကျရောက်မှု ရှိ မရှိကို ဤသို့ စစ်ဆေးခဲ့ကြသည်။ (စိုက်ပျိုးရေး)

စိုက်ပျိုးခင်းများ အောင်မြင်စွာ ဖြစ်ထွန်းနေမှုမှာ နိုင်ငံတော်မှ ပံ့ပိုးမှု၊ စိုက်ပျိုးစနစ်ကောင်းမွန်မှု၊ တောင်သူလယ်သမားများ၏ လုံ့လဝီရိယထားပြီး ကြိုးစားအားထုတ်မှုနှင့် မှန်ကန်သော သဘာဝဓာတ်မြေဩဇာများ သုံးစွဲမှုကြောင့် နိုင်ငံတော်၏ စပါးကျီသည် ပြည့်လျှံနေလျက်ရှိ။

မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၈:၁၀ ၇။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၁၅ ၈။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၉။ ခါသင်္ကြန် အဆိုအကများ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ နှောင်းခေတ် တေးပဒေသာ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အကပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ မြန်မာစာ မြန်မာစကား
- ၄:၄၀ ၅။ တေးဂီတအစီအစဉ်
- ၄:၅၅ ၆။ ခါသင်္ကြန် အဆိုအကများ
- ၅:၀၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရက္ခဗေဒ အထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၉။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အပိုင်း(၂)
- ၅:၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၁။ ခါသင်္ကြန် အဆိုအကများ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ

ကုန်သွယ်မှုန်တိုင်း (အပိုင်း-၆၄) (ဇာတ်သိမ်း)

- ၇:၄၅ ၁၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ

မေတ္တာလမ်းဆုံ (အပိုင်း-၁၃)

မတ်၂၉ရက်က အထက(၁)ဒဂုံတွင် ၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒဂုံသီရိခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (၁၃၅)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်

မောင်ထွန်းလွင်
(မိုးလေဝသ)

ကမ္ဘာပေါ်မှာ နှစ်စဉ်အပူပိုင်းမုန်တိုင်းတွေ အကြိမ်(၈၀)ကျော် ဖြစ်ပေါ်လေ့ရှိပါတယ်။ အဲဒီအထဲက မြန်မာနိုင်ငံအနီးပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ အရေအတွက်ကတော့ ဘင်္ဂလားပင်လယ်အော်မှာ ပျမ်းမျှတစ်နှစ်(၁၀)ကြိမ်နဲ့ တောင်တရုတ်ပင်လယ်ပြင်မှာ တစ်နှစ်(၂၉)ကြိမ်နှုန်း ရှိနေတဲ့အတွက် တစ်ကမ္ဘာလုံးရဲ့ ၅၀ရာခိုင်နှုန်းလောက် ရှိနေပါတယ်။ ၁၈၇၇ခုနှစ်ကစပြီး ၂၀၀၈ ခုနှစ်အထိ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၃၁နှစ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းအကြိမ်ပေါင်း (၁၂၆၇)ကြိမ် ဖြစ်ပေါ်ခဲ့ရာမှာ မြန်မာနိုင်ငံကို (၈၃)ကြိမ်သာ ဝင်ရောက်ခဲ့ဖူးတဲ့အတွက် ၆ရာခိုင်နှုန်းသာ ရှိပါတယ်။ ဒီတော့ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နဲ့ နှိုင်းယှဉ်ရင် မုန်တိုင်းအန္တရာယ် အလွန်နည်းပါတယ်။ ဒါပေမယ့် ကနေ့ကာလက ရာသီဥတုပြောင်းလဲမှုတွေ ဖြစ်နေတာကြောင့် မြန်မာနိုင်ငံကိုလည်း ခြွင်းချက်ထားလို့ မရနိုင်ပါဘူး။ **မုန်တိုင်းနဲ့ပတ်သက်လာရင်ကြိုတင်ကာကွယ်မှု အားနည်းရင် ဘယ်လောက်အထိ အန္တရာယ်ကြီးမားနိုင်တယ်ဆိုတာ နာဂစ်က သက်သေပြခဲ့ပြီး ဖြစ်တာကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် မုန်တိုင်းဆိုင်ရာအသိတွေ လိုအပ်ပါတယ်။**

မိုးလေဝသသတင်းများ/မုန်တိုင်းသတိပေးချက်များနဲ့ ပတ်သက်လို့ ဒါတွေ သိထားဖို့လိုပါတယ်။

(၁) မြန်မာနိုင်ငံမှာ မုန်တိုင်းရာသီနှစ်ချိန်ရှိပြီး မိုးကြိုကာလ(ဧပြီလလယ်မှ မေလလယ်အထိ)နဲ့ မိုးလွန်ကာလ(အောက်တိုဘာ၊ နိုဝင်ဘာလများ) ဖြစ်တာကြောင့် အဆိုပါလများမှာ အခြားလများထက် မုန်တိုင်းသတင်းကို ပိုမိုဂရုစိုက်ရန်။

(၂) ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်တိုင်း မြန်မာနိုင်ငံနှင့်မသက်ဆိုင်ကြောင်း သိရှိထားရန်။

(၃) မြန်မာနိုင်ငံ မိုးလေဝသဌာနအနေနဲ့ အခြား နိုင်ငံတကာမိုးလေဝသဌာနများနည်းတူ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်တိုင်း သတင်းထုတ်ပြန် ပေးလျက်ရှိရာ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိနိုင်တဲ့ မုန်တိုင်းတွေဆိုရင် "မုန်တိုင်းသတင်း"လို့သာ အမည်တပ်ကြေညာပြီး မြန်မာနိုင်ငံအတွက် အန္တရာယ်ရှိနိုင်တဲ့ မုန်တိုင်းတွေမှသာ "မုန်တိုင်းသတိပေးချက်"လို့ အမည်တပ် ထုတ်ပြန်ပေးနေကြောင်း သိရှိထားရန်။

(၄) အချို့မုန်တိုင်းကြီးတွေဟာ ရာစုနှစ်တွင် တစ်ကြိမ်မျှဆိုသလို ထူးထူးခြားခြား ဖြစ်ပေါ်တတ်တဲ့ ကြုံတောင့်ကြုံခဲဖြစ်ရပ် (Phenomenal case) တွေဖြစ်ပါတယ်။ ဒေသခံများအနေနဲ့ မိမိတို့ရဲ့ ဘဝ သက်တမ်းကာလ (နှစ်ပေါင်း ၆၀-၇၀ခန့်ကာလ)အတွင်း မတွေ့ကြုံခဲ့ဖူးကြသည်ကို အကြောင်းပြုပြီး မုန်တိုင်းသတိပေးချက်များအပေါ် သံသယဝင်ခြင်း၊ မယုံမကြည်ဖြစ်ခြင်းများ မရှိစေသင့်ပါ။ မိုးလေဝသဌာနမှ ထုတ်ပြန်သော သတိပေးချက်အပေါ် ဒေသအာဏာပိုင်များရဲ့ လမ်းညွှန်မှုဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်။

မုန်တိုင်းရာသီ မကျရောက်မီ အချိန်မှစတင်၍ ဒါတွေ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။

(၁) မိုးလေဝသသတင်းများကို ဂရုစိုက်နားထောင်၍ စောင့်ကြည့်ပါ။ (ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မိုးလေဝသဌာနရဲ့ အင်တာနက်ဝက်ဘ်ဆိုက်တို့အပြင် ဒေသဆိုင်ရာ အာဏာပိုင်တို့ရဲ့ သီးသန့်အစီအစဉ်များကို ဂရုတစိုက် နားထောင်ရန်။

(၂) မိမိနှင့် အနီးဆုံးတည်ရှိနေသော မုန်တိုင်းခိုအဆောက်အအုံ (သို့မဟုတ်) လုံခြုံခိုင်ခံ့သော အဆောက်အအုံကို ကြိုတင်သတ်မှတ်သိရှိထားရန်နဲ့ အဲဒီနေရာသို့ ဘေးအန္တရာယ်အကင်းရှင်းဆုံးနဲ့ အမြန်ဆုံးရောက်ရှိနိုင်တဲ့ လမ်းကြောင်းကို ကြိုတင်ရှာဖွေ သိရှိထားရန်။

(၃) ကောလာဟလများကို နားမထောင်မိရန်။

(၄) အောက်ပါပစ္စည်းတွေပါဝင်တဲ့ အရေးပေါ်လက်ဆွဲ အသုံးအဆောင်ကို အရန်သင့်ကြိုတင်ပြင်ဆင်ထားရန်။

(က) လက်ကိုင်ရေဒီယို၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲအပိုများ၊

(ခ) ကြာရှည်ခံ၊ အခြောက်ခံအစားအသောက်များ (ဥပမာ၊ ဘီစကွတ်၊ ခေါက်ဆွဲထုပ်၊ ထမင်းခြောက်စသည်ဖြင့်)

(ဂ) မီးခြစ်၊ ရေနံဆီမီးအိမ်၊ အလွယ်တကူရွှေ့ပြောင်းနိုင်သော မီးဖို၊ ချက်ပြုတ်နိုင်သော အသုံးအဆောင်များ၊ ရေလုံအိတ်များ စသည်တို့ စုဆောင်းထားရန်၊

(ဃ) ရှေးဦးသူနာပြုဆေးသေတ္တာနဲ့ လမ်းညွှန်များ၊

(င) တူ၊ လွှ၊ ပလာယာ၊ ပေါက်ဆိန်နဲ့ ပလတ်စတစ်ကြိုးများ၊

(စ) မိမိအိမ်ရဲ့အမိုးတွေကို သေသေချာချာစစ်ဆေးပြီး ဝါးများ၊ ပိုက်များနဲ့ ခိုင်ခံ့အောင် ထိန်းချုပ်ဖိအုပ်ထားရန်၊ အိမ်နံရံတွေ၊ တိုင်တွေ၊ တံခါးတွေ၊ ပြတင်းပေါက်တွေကို ခိုင်ခံ့မှုရှိ/မရှိ သေသေချာချာစစ်ဆေးရန်၊ ခိုင်ခံ့မှုမရှိပါက အစောဆုံးဖြစ်နိုင်သမျှ ပြုပြင်ထားရန်၊ သွပ်အမိုးတွေဖြစ်ပါက အားနည်းပြီး ပြုတ်ထွက်နေတဲ့နေရာတွေကို ပြုပြင်ထားရန်၊ အကယ်၍ အိမ်အကာဟာ ခိုင်ခံ့မှုမရှိတဲ့ ရွှံ့နဲ့ပြုလုပ်ထားတဲ့ နံရံတွေဖြစ်နေရင် မြက်ဖျာ၊ နီးဖျာကဲ့သို့သော အကာများနဲ့ ဝါးပေါင်များညှပ်ကာ ခိုင်ခံ့အောင် အားဖြည့်ထားရန်၊ အမိုးများရဲ့ထောင့်အစွန်းများကို ပလတ်စတစ်ကြိုးတွေနဲ့ တောင့်တင်းအောင် ချည်နှောင်ထားရန်။

(ဆ) ကျိုးပဲ့နိုင်တဲ့ အပင်တွေရဲ့ အကိုင်းအခက်အလက်တွေကို ခုတ်ထွင် ရှင်းလင်းထားရန်၊ ခြောက်သွေ့သေဆုံးနေတဲ့ အပင်ခြောက်တွေကို ခုတ်လှဲထားရန်၊ အိမ်ခြံဝင်းအတွင်း အလွယ်တကူ လွင့်ပါနိုင်တဲ့ အကိုင်းအခက်အလက် အစအနတွေ၊ အုန်းသီးတွေ၊ သစ်ပင်အကိုင်းအခက်တွေကို ရှင်းလင်းထားရန်။

(ဇ) အလွယ်တကူလွင့်ပါသွားနိုင်တဲ့ ရွေ့လျားနိုင်တဲ့အရာတွေကို ရှင်းလင်းထားရန်၊ (မုန်တိုင်းကြောင့် ပြင်းထန်တဲ့လေတွေ တိုက်ခတ်တဲ့အခါ အဲဒီပစ္စည်းတွေ လေထဲမှာ ဝဲပျံလွင့်စဉ်လာတဲ့အခါ ထိခိုက်ဒဏ်ရာ အနာတရတွေဖြစ်စေနိုင်တဲ့အပြင် ပျက်စီးဆုံးရှုံးမှုတွေကိုလည်း ဖြစ်စေနိုင်ပါတယ်။)

(ဈ) မိမိနေထိုင်တဲ့ အရပ်ဒေသဟာ မုန်တိုင်း ဒီရေလှိုင်းဒဏ်ကျရောက်နိုင်တဲ့ဒေသဖြစ်နေရင် ကုန်းမြင့်နေရာ၊ အသက်ကယ်ကုန်း၊ မုန်တိုင်းခို အဆောက်အအုံစတဲ့ ပုန်းခိုရမယ့်နေရာတွေကို ကြိုတင်ရှာဖွေ သတ်မှတ်ထားရန်။

(ည) မိမိအတွက် မှတ်ပုံတင်၊ စာချုပ်စာတမ်းကဲ့သို့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို ပလတ်စတစ်အိတ်ထဲမှာ သေသေချာချာ ထုပ်ပိုးပြီး မိမိရဲ့အရေးပေါ်သုံးအိတ်နဲ့အတူ မိမိနဲ့ တစ်ပါတည်းယူဆောင်သွားရန်။

(ဋ) မိမိအတွက် ဆန်၊ ဆီ၊ သစ်စေ့၊ ပဲ စတဲ့ ရေရှည်သုံးနိုင်တဲ့ ပစ္စည်းတွေကို ပလတ်စတစ်အိတ်နဲ့ထည့်ကာ တွင်းတူးပြီး သိုလှောင်ထားနိုင်မည့် ကုန်းမြင့်နေရာကို ရှာဖွေထားရန်။

(ဌ) အရေးကြီးတဲ့ အရေးပေါ်ဆက်သွယ်ရမည့် ကယ်ဆယ်ရေးအဖွဲ့၊ အရေးပေါ်အဖွဲ့၊ သတင်းအချက်အလက်ရယူနိုင်မည့်အဖွဲ့ စတာတွေရဲ့ ဖုန်းနံပါတ်၊ လိပ်စာ စတာတွေကို အလွယ်တကူမြင်သာအောင် စီစဉ်ထားရှိရန်။

ကျေးရွာဒေသအလိုက် သဘာဝဘေးကြိုတင်ပြင်ဆင်မှု ဆောင်ရွက်ထားရှိပြီးတဲ့ ဒေသမှာ နေထိုင်သူတွေအနေနဲ့ ဒါတွေကို ကြိုတင်ပြင်ဆင်ထားဖို့လိုပါတယ်။

(၁) လက်ရှိအခြေအနေအထိပြုစုထားတဲ့ သဘာဝဘေးကျရောက်နိုင်မှု အခြေအနေပြ မြေပုံတွေ၊ ပုန်းခိုဖို့ သတ်မှတ်နေရာတွေကို စာရင်းရယူထားရန်။

(၂) အရေးပေါ် ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရန်။

(၃) အစာအခြောက်တွေ၊ အရေးပေါ်ဆေးဝါးတွေ၊ သင့်လျော်တဲ့ အကာအကွယ်ပစ္စည်းတွေ စတာတွေကို စုဆောင်းထားရန်။

မုန်တိုင်းသတိပေးချက် သတင်းတွေရတာနဲ့ ဒါတွေကို ချက်ချင်းအရေးယူဆောင်ရွက်ဖို့လိုပါတယ်။

(၁) မခိုင်မြဲတဲ့ ပစ္စည်းပစ္စယတွေကို အဆောက်အအုံထဲမှာ ထည့်သွင်းထားရန်၊ လယ်ယာသုံးစပါး၊ ပဲလိုမျိုးစေ့တွေကို ပလတ်စတစ်အိတ်မှာ လုံခြုံအောင်ထည့်သွင်းပြီး ကုန်းမြေမြင့်တစ်နေရာမှာ ကျင်းတူးကာ အဖုံးအကာများနဲ့ သေချာအောင်မြှုပ်ထားရန်။

(၂) အဖုံးပါသောပုံးများ၊ အိုးများနဲ့ သောက်သုံးရေကို သိုလှောင်ထားရှိရန်။

(၃) ပေါ့ပေါ့ပါးပါး သယ်ဆောင်နိုင်တဲ့ အဝတ်အထည်တွေကို အကာအကွယ် ဝတ်ဆင်ရန်အတွက် ပြင်ဆင်ထားရန်။

(၄) မိမိအိမ်ရဲ့ မိမိပိုင်ပစ္စည်းပစ္စယများကို စာရင်းပြုစုထားရန်၊ အဆိုပါစာရင်းကို ကယ်ဆယ်ရေးအဖွဲ့တွေ၊ လုပ်အားပေးအဖွဲ့တွေထံ လိုအပ်ရင် သတင်းပို့ရန်။

(၅) မိမိရဲ့စက်သုံးယာဉ်တွေကို ကြိုတင်လောင်စာဆီများ ဖြည့်တင်းထားပြီး အမာခံ အကာအကွယ်တစ်ခုခုရဲ့အောက်မှာ ထားရှိရန်။

(၆) နွားလှည်း၊ လှေစတဲ့ ခရီးသွားယာဉ်တွေကို ခိုင်ခံ့တဲ့ သစ်ပင်များနဲ့လည်းဝေးတဲ့တိုင်၊ အဆောက်အအုံစတာတွေနဲ့ ခိုင်ခံ့အောင် ချည်နှောင်ထားရှိရန်။ (မုန်တိုင်းတိုက်ခတ်တဲ့အခါ သစ်ပင်အများစုဟာ သစ်ကိုင်းများ ကျိုးခြင်း၊ ပဲ့ထွက်ခြင်း၊ အမြစ်ကျွတ်လဲခြင်းစတဲ့ ပျက်စီးမှုတွေ ဖြစ်ပေါ်တတ်ရာ အဲဒီယာဉ်တွေကို သစ်ပင်တွေရဲ့ အနီးမှာထားရင် ထိခိုက်ပျက်စီးစေနိုင်ပါတယ်။)

(၇) မိမိရဲ့နေအိမ်တွေကို လုံခြုံစွာပိတ်ထားရန်၊ (ပြတင်းတံခါးတွေကို ခိုင်ခံ့ဖို့အတွက် သံများနဲ့ရိုက်ကာ ပိတ်ထားရပါမယ်။ မိမိရဲ့ အိမ်မွေးတိရစ္ဆာန်တွေ အပါအဝင် မိသားစုဝင်တွေအားလုံးဟာ နေအိမ်အတွင်းမှာပဲ ခိုလှုံနေကြရပါမယ်။) (မုန်တိုင်းဒီရေအန္တရာယ် မရှိပါက)

(၈) မိမိအတွက် အနွေးထည်များ၊ လိုအပ်သောဆေးဝါးများ၊ အဖိုးတန်ပစ္စည်းများ၊ သောက်သုံးရေ၊ ကြာရှည်ခံအစားအစာအခြောက်များ စတာတွေကို ရေစိုခံအိတ်များထဲမှာ ထည့်သွင်းပြီး မိမိတို့ရဲ့ အရေးပေါ် လက်ဆွဲများနဲ့အတူ လိုအပ်ပါက သယ်ဆောင်သွားရန်။

(၉) ရေဒီယို၊ ရုပ်မြင်သံကြားသတင်းများ၊ ဒေသတွင်းအစီအစဉ်ဖြင့် သက်ဆိုင်ရာတို့မှ ကြေညာချက်များကို အမြဲနားထောင်နေရန်။

(၁၀) ဆိုးရွားပြင်းထန်တဲ့အခြေအနေကို ဖော်ပြထားတဲ့ မုန်တိုင်းသတိပေးချက်တွေ ရရှိလာတဲ့အခါ အန္တရာယ်ကြီးမားတဲ့ စွန့်စားမှုဆန်တဲ့ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းခြင်းကို လုံးဝမပြုလုပ်ရန်။ မိမိရဲ့ မိသားစုဝင်များနဲ့အတူ အထူးခိုင်ခံ့ကောင်းမွန်တဲ့ တိုက်အိမ် အဆောက်အအုံများသို့ ပြောင်းရွှေ့ခိုလှုံရန်။ အလွန်အင်အားပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြစ်တဲ့အတွက် အရေးပေါ်အခြေအနေနဲ့ ကြုံကြိုက်လာပါက နေရာပြောင်းရွှေ့ကယ်ဆယ်ခြင်းကို ပူးပေါင်းဆောင်ရွက်ပါရန်။ (မိမိပိုင်ပစ္စည်းတွေကို နောက်ဆံမတင်းပါနဲ့) ဒီလိုဆောင်ရွက်ရပါက မိမိရဲ့အရေးကြီးတဲ့ အဖိုးတန်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အရေးပေါ်သုံးပစ္စည်းများ၊ ကြာရှည်ခံအစားအစာအခြောက်များ၊ သောက်သုံးရေများ စတာတွေကို မိမိနဲ့အတူ သယ်ဆောင်သွားဖို့မမေ့ပါနဲ့။ ကြိုတင်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာတော့ သက်ကြီးရွယ်အိုများ၊ ကလေးများ၊ နာမကျန်းဖြစ်နေသူများ၊ ကိုယ်ဝန်ဆောင်သည်များ၊ မီးနေသည်များ စတာတွေကို ဦးစားပေးကယ်ဆယ်ရန်။ မုန်တိုင်းခို အဆောက်အအုံ၊ ကုန်းမြင့်ဒေသ၊ သက်ကယ်ကုန်းတွေဆီကို အမြန်ဆုံးပြောင်းရွှေ့ရန်။

ဒေသအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ကြရမည်။

မိုးလေဝသဌာနက ခန့်မှန်းပေးတဲ့ အများဆုံးလေတိုက်နှုန်းနဲ့ အမြင့်ဆုံးတက်နိုင်တဲ့ မုန်တိုင်းဒီရေလှိုင်း အမြင့်များအပေါ် တွက်ချက်ဆန်းစစ်ပြီး ကြိုတင်ကာကွယ်ရေးအဖြစ် ကယ်ဆယ်ရေးတွေလုပ်ဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ အဲဒီအခါ သက်ဆိုင်ရာတာဝန်ရှိသူများရဲ့ နှိုးဆော်ချက်၊ ကြေညာချက်တွေကို တိုက်ရိုက်ဆက်သွယ်မှုနဲ့ဖြစ်ဖြစ်၊ နိုင်ငံပိုင်ရေဒီယို/ရုပ်မြင်သံကြားတို့မှဖြစ်ဖြစ်၊ အသံချဲ့စက်နဲ့ဖြစ်ဖြစ် ကြေညာပေးနေမှာ ဖြစ်ပါတယ်။ အဲဒီအခါ ကြိုတင်သတ်မှတ်ထားတဲ့ လမ်းကြောင်းများအတိုင်း သတ်မှတ်ထားတဲ့ လုံခြုံတဲ့နေရာအရပ်ဆီကို ပြောင်းရွှေ့ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြောင်းရွှေ့ရမယ်ဆိုရင်

(၁) အဝတ်အစားတွေကို ထူထူထဲထဲနဲ့ လုံလုံခြုံခြုံ ဝတ်ဆင်သွားရန်၊

(၂) မိမိအိမ်ရဲ့ လျှပ်စစ်မီး၊ ဓာတ်ငွေ့မီး၊ ရေပိုက်စတာတွေကို သေသေချာချာ စိစစ်ပိတ်ပြီးနောက် မိမိရဲ့အရေးပေါ်အသုံးအဆောင်အိတ်ကို သယ်ဆောင်ကာ အိမ်ကိုသေချာစွာသော့ပိတ်ပြီးမှ သွားကြရန်၊

(၃) အကယ်၍ မိမိသွားရမည့် မုန်တိုင်းခိုနေရာဟာ အနည်းငယ်ကွာလှမ်းပါက မိမိနဲ့အတူ အိမ်မွေးတိရစ္ဆာန်မှအစ အရေးကြီးပစ္စည်းများပါ သယ်ဆောင်သွားရန်၊ လူများပြားမှုကြောင့် လမ်းပိတ်ဆို့မှု၊ ရေလွှမ်းမိုးမှု၊ လေပြင်းတိုက်ခတ်မှုစသည်တို့ကြောင့် ခရီးမနှောင့်နှေး၊မကြန့်ကြာစေရန်အတွက် ပိုင်နိုင်သော ဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန် ချမှတ်ပြီးနောက် စောစီးစွာကြိုတင်ဆောင်ရွက်ရန်။

(၄) အကယ်၍ မိမိပြောင်းရွှေ့ခိုလှုံရမည့် မုန်တိုင်းခိုနေရာဟာ အနီးအနားမှာပဲ ဖြစ်မယ်ဆိုရင်တော့ အရေးပေါ်သုံး လက်ဆွဲပစ္စည်းများနဲ့ လိုအပ်တဲ့ပစ္စည်း အနည်းဆုံးကိုသာ သယ်ဆောင်သွားရန်။

မုန်တိုင်းအမှန်တကယ်တိုက်ခတ်လာတဲ့အခါ

(၁) လျှပ်စစ်မီးလိုင်းများအားလုံးနဲ့ ဓာတ်ငွေ့ပိုက်လိုင်းများအားလုံးရဲ့ ဆက်သွယ်မှုကို ဖြတ်တောက်ပစ်ရန်။

(၂) လေပြင်းဒဏ်ကြောင့် မိမိမှီခိုရာ အဆောက်အအုံနေအိမ်မှာကျိုးပဲ့သံများနဲ့ ပြိုကျနိုင်တဲ့ အနေအထားတွေ့လာရပါက မွေ့ရာ၊ ကော်ဇော၊ စောင်စတဲ့ ထူထဲတဲ့ အကာအကွယ်များနဲ့ မိမိကိုယ်ကို မိမိ အကာအကွယ်ယူကာ ခိုင်ခံ့တဲ့ စားပွဲ၊ ခုတင်၊ ခုံရှည် စတာတွေရဲ့အောက်မှာ ခိုလှုံနေရန်၊ ခိုင်ခံ့မြဲမြံတဲ့ တိုင်တစ်ခုကိုလည်း တွယ်ဖက်ထားရန်။

(၃) မိမိရဲ့ ဓာတ်ခဲရေဒီယိုငယ်နဲ့ နောက်ဆုံးသတင်းထုတ်ပြန်ချက်များကို အဆက်မပြတ် ဖမ်းယူနားထောင်နေရန်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မုန်တိုင်းနဲ့ ပတ်သက်လာရင် ကြိုတင်ကာကွယ်မှု အားနည်းရင် ဘယ်လောက်အထိ အန္တရာယ်ကြီးမားနိုင်တယ်ဆိုတာ နာဂစ်က သက်သေပြခဲ့ပြီးဖြစ်တာကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း အတွက် မုန်တိုင်းဆိုင်ရာအသိတွေ လိုအပ်ပါတယ်။

3-4 (10).pmd 1 4/3/2009, 2:20 AM

အာဆီယံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ကစားသမားများ စာချုပ်လက်မှတ်ရေးထိုးပွဲ လေ့လာ

ရန်ကုန် ဧပြီ ၂

မလေးရှားနိုင်ငံ Pahan ပြည်နယ် အိမ်ရှေ့မင်းသား HRH Prince Abdullah Ibni Sulton Ahmad Shahဦးဆောင်သည့် မလေးရှားကိုယ်စားလှယ်အဖွဲ့နှင့် ဘာရိန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Shaikh Salman Bin Ebrahim Bin Hamad AL-Khalifa ဦးဆောင်သည့် ဘာရိန်းကိုယ်စားလှယ်အဖွဲ့သည် အာဆီယံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဒါတိုပေါလ် လိုက်ပါလျက် ယနေ့နံနက်၁၁ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သီးခြားတွေ့ဆုံ၍ (၂၃)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် (AFC) နှစ်ပတ်လည် ကွန်ဂရက်အစည်းအဝေး မတိုင်မီ ကြိုတင်ဆောင်ရွက်ထားမှု၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပနိုင်ရန်စီစဉ်ဆောင်ရွက်နေမှုများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် မလေးရှားနိုင်ငံ Pahan ပြည်နယ် အိမ်ရှေ့မင်းသားHRH Prince Abdullah Ibni Sulton Ahmad Shah၊ ဘာရိန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Shaikh Salman Bin Ebrahim Bin Hamad AL-Khalifa နှင့်အဖွဲ့ဝင်များသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုကလပ်အသင်းများ၏ ကစားသမားများ စာချုပ်လက်မှတ်ရေးထိုးပွဲကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး မြန်မာနေရှင်နယ်လိဂ် အောင်မြင်ရေး ဆုမွန်ကောင်းတောင်းခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နှုတ်ဆက်

မလေးရှားနိုင်ငံ Pahan ပြည်နယ် အိမ်ရှေ့မင်းသား HRH Prince Abdullah Ibni Sulton Ahmad Shah နှင့် အဖွဲ့ဝင်များ မြန်မာနေရှင်နယ်လိဂ်မှ အသင်းတာဝန်ရှိသူများအား နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

အထက(၁)သဃ်န်းကျွန်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂

အထက(၁) သဃ်န်းကျွန်း (၁၉၈၅-၁၉၉၀)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ၉ရက် (စနေနေ့) နံနက်၉နာရီတွင် အထက(၁) သဃ်န်းကျွန်း ကျောင်းခန်းမ၌ပြုလုပ်မည်ဖြစ်ရာ အပတ်စဉ် အကြိုညှိနှိုင်း အစည်းအဝေးကိုလည်း တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် အထက(၁) သဃ်န်းကျွန်း သပြေဆောင်ခန်းမ၌ ပြုလုပ်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးမိုးမြင့် ဖုန်း-၀၉-၅၀-၅၀၅၃၃၊ ဦးဆန်းလင်း ဖုန်း-၀၉-၅၅၀၀၁၀၁၊ ဦးသိန်းဒန် ဖုန်း-၀၉-၅၁-၂၈၂၂၅၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၅၆၄၃၀၁၊ ၅၇၃၄၄၃၊ ကိုအောင်ခိုင်မိုး ဖုန်း-၀၉-၅၀-၃၃၃၀၄၊ ဦးကျော်ဆန်း ဖုန်း-၅၇၃၅၇၇၊ ဦးမျိုးဝင်းလှိုင် ဖုန်း-၀၉-၅၁-၂၀၄၁၀၊ ဦးဟန်ထွန်းအောင် ဖုန်း-၅၆၄၇၂၉၊ဦးဝင်းဇော်ထွန်း ဖုန်း-၀၉-၅၁-၀၆၀၈၅၊ကိုနေဝင်းဖုန်း-၀၉-၅၁-၀၆၀၈၅ ကိုကျော်သူဖုန်း-၀၉-၈၀-၃၄၈၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။**(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

(၄) မုန်တိုင်းမျက်စိကို အထူးသတိထားရန်။(လေပြင်းတိုက်ခတ်မှုများ ရုတ်တရက်ရပ်တန့်သွားပြီး မိုးရွာသွန်းမှုများလည်း လျော့နည်းကျသွားသည်နှင့် မုန်တိုင်းအန္တရာယ် ကင်းရှင်းပြီဟု မယူဆပါနှင့်။ မုန်တိုင်းမျက်စိ ဖြတ်သန်းနေပါက ထိုသို့လေများ ငြိမ်ကျသွားပြီးသည့်နောက် နာရီဝက်ခန့်အကြာတွင် မူလလေတိုက်ခတ်ရာနဲ့ ဆန့်ကျင်တဲ့ အရပ်ဘက်မှ မူလထက်ပိုမိုပြင်းထန်သောလေများ တိုက်ခတ်လာမည် ဖြစ်ပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာမှ မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း ကြေညာချက်ထုတ်ပြန်တဲ့အထိ စောင့်ဆိုင်းရန်လိုအပ်ပါမယ်။)

(၅) မုန်တိုင်းကျရောက်နေစဉ် ကားမောင်းနေပါက ကားကိုရပ်တန့်ထားရန်။ ပင်လယ်ပြင်မှ ကွာလှမ်းသောနေရာ၊ သစ်ပင်ကြီးများ၊ လျှပ်စစ်ပါဝါလိုင်းများ၊ ရေလှောင်ကန်များ စတာတွေနဲ့ ဝေးကွာပါက ကားအတွင်းတွင်သာနေရန်။

မုန်တိုင်းအန္တရာယ်ကျရောက်ပြီးပါက

(၁) သက်ဆိုင်ရာများမှ အန္တရာယ်ကင်းရှင်းပြီဖြစ်ကြောင်း မကြေညာမချင်း အပြင်မထွက်ရန်။

(၂) ဓာတ်ငွေ့များ ယိုစိမ့်ထွက်မှု ရှိ/မရှိ စစ်ဆေးရန်၊ ရေစိုနေတဲ့ လျှပ်စစ်ပစ္စည်းများကို အသုံးမပြုရန်။

(၃) သက်ဆိုင်ရာမှ ကြေညာပေးမည့် သတင်းများနှင့် အကြံပြုချက်များကို ဂရုစိုက်နားထောင်ရန်။

(၄) မိမိအား ကယ်ဆယ်ရေး ဆောင်ရွက်ပေးဖို့လိုအပ်ပါက စောစီးစွာဆောင်ရွက်ရန်၊ မိမိအိမ်သို့ သက်ဆိုင်ရာမှ အကြံမပြုမချင်း ဆန္ဒစောပြီး မပြန်ရန်၊ ပြန်ပါကလည်း သတ်မှတ်ပေးထားတဲ့ လမ်းကြောင်းမှသာ ပြန်ရန်။

(၅) ခြေကျင်လျှောက်ပြီး ကုန်းလမ်းနဲ့ ခရီးသွားရပါက မြွေအန္တရာယ်ကို အထူးသတိပြုရန်၊ အဆောင်အဖြစ် တုတ်အရှည်၊ ဝါးလုံးအရှည် စသည်တို့ မိမိနှင့်အတူ သယ်ဆောင်သွားရန်။

(၆) လဲကျနေသော လျှပ်စစ်ပါဝါလိုင်းကြိုးများ၊ ပျက်စီးနေတဲ့ လူကူးတံတားများနဲ့ သစ်ပင်များကို အထူးသတိထားရန်၊ ရေဖုံးလွှမ်းနေမှုကြောင့် တွေ့ရတဲ့ရေအိုင်တွေအတွင်းသို့ မဆင်းမိစေရန်။

(၇) မိုးလေဝသ သတိပေးချက်တွေကို အထူးဂရုစိုက်နားထောင်ရန်နှင့် အပျက်အစီးတွေကို တာဝန်မရှိဘဲ လှည့်လည်မကြည့်မိစေရန်။

နာဂစ်မုန်တိုင်းတုန်းက မထင်မှတ်လို့ပဲဖြစ်ဖြစ်၊ မယုံကြည်လို့ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သေချာတာကတော့ ကြိုတင်မပြင်ဆင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ ကမ္ဘာမှာလည်း ပထမအကြိမ်ဆိုရင် ဒီလိုပဲဖြစ်တတ်တာမို့ ဒါကို သင်ခန်းစာအနေနဲ့ထားပြီး ခွင့်လွှတ်လို့ရနိုင်ကောင်းပါတယ်။ ဒါပေမယ့် နောက်တစ်ကြိမ်ထပ်ဖြစ်မယ်ဆိုရင်တော့ ကျွန်တော်တို့အားလုံးအတွက် ဒါဟာ လက်မခံနိုင်စရာ ဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ ကြိုတင်ကာကွယ်မှုတွေ စီစဉ်ဆောင်ရွက်နေပြီဖြစ်တာမို့ မိဘပြည်သူများ အနေနဲ့ ဒီဆောင်ရန်၊ ရှောင်ရန်တွေကို အလေးထားဆောင်ရွက်ကြဖို့ လိုအပ်လှပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။ ။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းစွမ်းဆောင်မှု ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၈ခုနှစ် မိုးချေးငွေလုပ်ငန်း စွမ်းဆောင်မှု အကောင်းဆုံးမြို့နယ်ဘဏ်ခွဲများ၊ ပြည်နယ်၊ တိုင်းဘဏ်ခွဲများ၊ ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းသား စံပြဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆုများကိုပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

ခေါ်ယူနိုင်ရေးအတွက် ကစားသမားများကို စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်လျက်ရှိသည်။ ယခုအခါ ပြိုင်ပွဲစတင်ရန် တစ်လကျော်မျှသာ လိုတော့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ပရိုကစားသမားများအား စာချုပ်ချုပ်ဆို ခေါ်ယူမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိကြသည်။

နာမည်ကြီးကစားသမားများ

ဧပြီ၁ရက်နှင့် ၂ရက်တို့တွင် ပရိုကလပ်အသင်းများမှ စာချုပ်များ ချုပ်ဆိုခဲ့ကြရာ Delta United F.C၊ Southern Myanmar F.C၊ ဥသာယူနိုက်တက် F.C နှင့် ရတနာပုံ F.C တို့ ပါဝင်ခဲ့ကြသည်။ ပဲခူးတိုင်းကိုယ်စားပြု ဥသာယူနိုက်တက် F.C နှင့် တနင်္သာရီ၊ မွန်၊ ကရင်ကိုယ်စားပြု Southern Myanmar F.C တို့မှာ ကစားသမားများအား ပထမဆုံးအကြိမ် ခေါ်ယူ စာချုပ်ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းကိုယ်စားပြု Delta United F.C မှာမူ ဒုတိယအကြိမ်အဖြစ် ကစားသမားများအား ခေါ်ယူခဲ့ခြင်းလည်း ဖြစ်သည်။ မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C မှာ တတိယအကြိမ်မြောက် ကစားသမားများ စာချုပ်ချုပ်ဆိုခဲ့ပြီး ယနေ့ချုပ်ဆိုမှုတွင် နာမည်ကြီးကစားသမားများလည်း ပါဝင်ခဲ့သည်။

Delta United F.C မှာ ကစားသမား ရှစ်ဦး ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကစားသမား ၂၇ ဦး ခေါ်ယူပြီးသွားပြီဖြစ်သည်။ မြို့တော်စည်ပင် တိုက်စစ်မှူး လှအေးထွေးနှင့် ကမ္ဘောဇကိုးသမား နေလှိုင်တို့ကို လက်မှတ်ထိုးကြေး ကျပ် ၁၅ သိန်းစီ၊ လစာကျပ်ငါးသိန်းစီ၊ ဆောက်လုပ်ရေးအသင်းမှ လက်ရွေးစင်ဟောင်း ဆန်းဒေးသိန်းအား လစာကျပ် သုံးသိန်း၊ ဆောက်လုပ်ရေးမှ ဇော်မျိုးမင်း၊ Sara F.C မှ နမ်းဝေအောင်၊ မြို့တော်စည်ပင်မှ ရန်နိုင်အောင်၊ ဆက်သွယ်ရေးမှ နေလင်းအောင်၊ သစ်တောရေးရာမှ သန့်ဇင်ဦးတို့ကို လက်မှတ်ထိုးကြေး ကျပ်ငါးသိန်းစီ၊ လစာကျပ် နှစ်သိန်းစီတို့ဖြင့် စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ဆန်းဒေးသိန်းမှာ လက်မှတ်ထိုးကြေးမယူဘဲ စာချုပ်ချုပ်ဆိုခဲ့သည့် ကစားသမားလည်း ဖြစ်သည်။ Delta United F.C မှာ ကစားသမား၂၇ဦးခေါ်ယူပြီးသွားပြီဖြစ်ပြီး လက်မှတ်ထိုးကြေး ကျပ် ၃၃၇သိန်း သုံးစွဲထားပြီးဖြစ်သည်။

လက်ရွေးစင်ဟောင်း ခင်မောင်ထွန်း ရတနာပုံ F.C နှင့် စာချုပ်ချုပ်ဆိုစဉ်။

ပထမဆုံးခေါ်ယူ

Southern Myanmar F.C မှာ ကစားသမားများအား ပထမဦးဆုံးခေါ်ယူမှုအဖြစ် အဆင့်မြင့်တန်း အတွေ့အကြုံရှိ ကစားသမားသုံးဦးအား ခေါ်ယူစာချုပ်ခဲ့သည်။ စီးပွား/ကူးသန်းမှ မျိုးလှိုင်ဦး၊ မြို့တော်စည်ပင်မှ နေလင်းထိုက်နှင့် ဆက်သွယ်ရေးမှ ဘီဂျိမ်းထွေးတို့ကို လက်မှတ်ထိုးကြေး ကျပ်ငါးသိန်းစီ၊ လစာကျပ်သုံးသိန်းစီတို့ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အသင်းအုပ်ချုပ်သူ ဦးမြင့်ကြူးက “အသင်းကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပါကြောင်း၊ နာမည်ကြီး ကစားသမားများ မပါဝင်သော်လည်း အဆင့်မြင့်တန်း အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လူငယ်ကစားသမားများကို ဦးစားပေးခေါ်ယူခြင်းမှာလည်း လက်ရွေးစင်အသင်းကို ရေရှည်အထောက်အကူပြုနိုင်ရန်အတွက်ဖြစ်ကြောင်း၊ တစ်နှစ်လျှင်

မြန်မာ့လက်ရွေးစင် ထွန်းထွန်းဝင်း ရတနာပုံ F.C တွင် ကစားရန် စာချုပ်ချုပ်ဆိုစဉ်။

ဘတ်ဂျက်ကျပ် သိန်းသုံးထောင်ဝန်းကျင် အသုံးပြုသွားမည်ဖြစ်ပြီး အိမ်ကွင်းပွဲစဉ်များကို မော်လမြိုင်မြို့တွင် ကစားသွားမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

မန္တလေးတိုင်း ကိုယ်စားပြု ယှဉ်ပြိုင်မည့် ရတနာပုံF.Cမှာ ယခုတတိယအကြိမ်မြောက် ကစားသမားများခေါ်ယူမှုတွင် နာမည်ကြီး ကစားသမားများဖြစ်သည့် ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ ကျော်ခိုင်ဝင်း၊ ခင်မောင်ထွန်းတို့ အပါအဝင် ကစားသမား ခြောက်ဦးကို ခေါ်ယူစာချုပ်နိုင်ခဲ့သည်။ ရတနာပုံ F.Cမှာ မတ် ၂၀ရက်တွင် တစ်ဦး၊ မတ် ၃၁ရက်တွင် ခုနစ်ဦးနှင့် ယနေ့တွင် ခြောက်ဦး ချုပ်ဆိုပြီးထားရာ စုစုပေါင်းကစားသမား ၁၄ဦးကို စာချုပ်ချုပ်ဆိုပြီးသွားပြီဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းမှ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ခင်မောင်ထွန်း၊ စွမ်းအင်မှ ကျော်ခိုင်ဝင်းတို့ကို လက်မှတ်ထိုးကြေး ကျပ်သိန်း၄၀စီ၊ လစာကျပ် ၁၀သိန်းစီ၊ ကမ္ဘောဇမှ အောင်မျိုးနှင့် မြို့တော်စည်ပင်မှ ထက်နိုင်ဝင်းတို့ကို လက်မှတ်ထိုးကြေး ကျပ် ၁၅သိန်းစီနှင့် လစာကျပ် လေးသိန်းစီတို့ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

စာချုပ်ချုပ်ဆို

ပဲခူးတိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့် ဥသာယူနိုက်တက် F.C မှာ ပထမဦးဆုံး အကြိမ် ကစားသမား၁၆ဦးကို ခေါ်ယူ စာချုပ်ခဲ့ပြီး သစ်တောရေးရာမှ ခြောက်ဦး၊ မြန်မာ့မီးရထားမှ လေးဦး၊ ပြည်ထဲရေးနှင့် လယ်ယာ/ဆည်မြောင်းတို့မှ နှစ်ဦးစီ၊ ဘဏ္ဍာ/ အခွန်နှင့် ဆက်သွယ်ရေးတို့မှ တစ်ဦးစီပါဝင်ကြသည်။ သစ်တောရေးရာမှ အောင်လတ်သူ၊ကျော်သက်ဦး၊ နိုင်နိုင်လင်း၊ ဘဏ္ဍာ/အခွန်မှ မိုင်းအိုက်နိုင်တို့ကို လက်မှတ်ထိုး ကြေးကျပ်ခုနစ်သိန်းစီ၊ လစာကျပ်နှစ်သိန်းငါးသောင်းစီ၊ သစ်တောရေးရာမှ ထွန်းလင်းစိုး၊ စောမြတ်အေး၊ ပြည်ထဲရေးမှ ဇင်မင်းထက်နှင့် မျိုးမင်းအောင်၊လယ်ယာ/ဆည်မြောင်းမှ ဟိန်းရာဇာဝင်းတို့ကို လက်မှတ်ထိုးကြေး ကျပ်ငါးသိန်းစီ၊ လစာကျပ် နှစ်သိန်းစီ၊

လက်ရွေးစင်ဟောင်း အောင်ကျော်မိုး ရတနာပုံ F.C နှင့် စာချုပ်ချုပ်စဉ်။

လယ်ယာ/ဆည်မြောင်းမှ ခိုင်ထူး၊ ဆက်သွယ်ရေးမှ ဇင်မျိုးဝင်းတို့ကို လက်မှတ်ထိုးကြေး ကျပ်ငါးသိန်းစီ၊ လစာကျပ်တစ်သိန်းငါးသောင်းစီ၊ မြန်မာ့မီးရထားမှ ကောင်းထွန်း၊ အောင်မျိုးမင်းနှင့် ကျော်ဖြိုးဦးတို့ကို လက်မှတ်ထိုးကြေး ကျပ် လေးသိန်းစီ၊ လစာကျပ်တစ်သိန်းငါးသောင်းစီ၊ သစ်တောရေးရာမှ ဆန်းမင်းနှင့် မြန်မာ့မီးရထားမှ ကျော်လင်းဦးတို့ကို လက်မှတ်ထိုးကြေးကျပ် သုံးသိန်းစီနှင့် လစာကျပ် တစ်သိန်းငါးသောင်းစီတို့ဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

ရန်ကုန် ဧပြီ ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီ အတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ မွန်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့၊ မကွေးမြို့၊ သာယာဝတီမြို့နှင့် ပုသိမ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ ကသာမြို့တွင် ၀ ဒသမ ၇၁ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၅၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး၍ လစဉ်ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဧပြီ ၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ Myanmar Liwayway Food Industries Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဦးသိမ်းဝေ(ခ) Serge Pun, First Myanmar Investment Co.,Ltd. ဥက္ကဋ္ဌက လက်ရှိဖြစ်ပေါ်နေသော ငွေကြေးအကျပ်အတည်းကာလ၏ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဖီဖာစည်းမျဉ်းသစ်နဲ့မော်ရင်ဟို

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ သန်းအေး စာမျက်နှာဖွဲ့စည်းသည်

ရောမ ဧပြီ ၂

ဘောလုံးကလပ် အသင်းတစ်သင်းမှာ ပြည်တွင်းဘောလုံးသမားခြောက်ဦးနဲ့ နိုင်ငံခြားသားဘောလုံးသမား ငါးဦးသာ ကစားရမယ်ဆိုတဲ့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ရဲ့ စည်းကမ်းချက်အသစ်တစ်ရပ်ကို အင်တာမီလန်နည်းပြ မော်ရင်ဟိုကတော့ ထောက်ခံလိုက်ပါတယ်။

အဆိုပြုခဲ့

ဒီအဆိုပြုချက်ကို အဖွဲ့ဝင် ၁၈၈ဦးပါရှိတဲ့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထောက်ခံမဲ ၁၅၅ မဲနဲ့ ထောက်ခံခဲ့တာဖြစ်ပြီး ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက အဆိုပြုခဲ့တာ ဖြစ်ပါတယ်။

ဟန့်တားမှုတစ်ခု

အခုသတ်မှတ်လိုက်တဲ့ "၆+၅" စနစ်ဟာ နိုင်ငံအတွင်းမှာရှိတဲ့ လူငယ်ဘောလုံး သမားလေးတွေအတွက် ကောင်းမွန်တဲ့သတ်မှတ်ချက်ဖြစ်ပြီး ပြည်ပကဘောလုံးသမားတွေ လွှမ်းမိုးနေတဲ့ ကလပ်အသင်းတွေကို ထိရောက်တဲ့ ဟန့်တားမှုတစ်ခုပဲဖြစ်တယ်လို့ မော်ရင်ဟိုက ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ တကယ်တော့ ပြည်တွင်းမှာခြေစွမ်းထက်မြက်တဲ့ လူငယ်ဘောလုံးသမားတွေကို ကလပ်ပိုင်ရှင်တွေက စီးပွားရေးအမြင်နဲ့ ခေါ်ယူအသုံးပြုတာနည်းလာတာမို့ နိုင်ငံလက်ရွေးစင်အသင်းအတွက် ထိခိုက်မှုဖြစ်နေရတာပါဟု မော်ရင်ဟိုက ထောက်ပြလိုက်ပါတယ်။

အာရုံစိုက်မှုနည်းလာ

ဒါကလည်း ပြည်တွင်းကလပ်တွေမှာ နိုင်ငံခြားသားပိုင်ရှင်တွေ တဖြည်းဖြည်း များလာတာမို့ ပြည်တွင်းဘောလုံးသမားတွေအပေါ် အာရုံစိုက်မှုနည်းလာတာပဲဖြစ်ပါတယ်။ ကမ္ဘာကျော်နာမည်ကြီးဘောလုံးသမားတွေကို ခေါ်ယူပြီး ကမ္ဘာ့ထိပ်တန်း ဘောလုံးအသင်းတွေဖြစ်အောင် တည်ဆောက်နေတဲ့ နိုင်ငံခြားသား ဘောလုံးကလပ်ပိုင်ရှင်တွေရဲ့ခြေလှမ်းကို ဟန့်တားလိုက်သလိုလဲ ဖြစ်စေပါတယ်။

ဟန်ချက်ညီ

ဒီလိုဆောင်ရွက်ချက်ဟာ ဘောလုံးပရိသတ်နဲ့ ဘောလုံးသမားတွေအကြားမှာလည်း အားပေးမှုဟန်ချက်ညီသွားမှာဖြစ်ပြီး ကမ္ဘာ့ဘောလုံးလောက တိုးတက်ရေးအတွက် အထောက်အကူပြုစေမှာဖြစ်တယ်လို့ဆိုပါတယ်။

တစ်ဆင့်ပြီးတစ်ဆင့်

အခုလို သတ်မှတ်ချက်ဟာ ငွေကြေး၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်စပ်ယှက်နွယ်နေတဲ့ ကလပ်ဘောလုံးအသင်းတွေအတွက် ချက်ချင်းအဆင်သင့်ဖြစ်မှာတော့ မဟုတ်ပါဘူး။ တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဆောင်သွားရမယ့်ကိစ္စ ဖြစ်ပါတယ်လို့ မော်ရင်ဟိုက ပြောကြားနေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပြည်တွင်းကလပ်အသင်းတွေကို ပြည်တွင်းပြည်ပဘောလုံးသမားဦးရေ ကန့်သတ်လိုက်တာမို့ ဘောလုံးကလပ်ပိုင်ရှင်တွေ ဘယ်လိုများ လက်တွေ့အကောင်အထည်ဖော်မယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

အင်္ဂလန်က ယူကရိန်းကိုအနိုင်ရရှိပြီး ခြေစစ်ပွဲအောင်ရန် သေချာသွား

လန်ဒန် ဧပြီ ၂

ပြီးခဲ့သည့် ဧပြီ၂ရက် နံနက်က ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အင်္ဂလန်နှင့်ယူကရိန်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အသင်းခေါင်းဆောင် ဂျွန်တယ်ရီ၏ နောက်ကျဂိုးကြောင့် အင်္ဂလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စု(၈)တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် ရာနှုန်းပြည့်သေချာသွားခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ပွဲချိန် ၂၉မိနစ်၌ တိုက်စစ်မှူး ပီတာခရော့ချ်၏ မြေမကျဘောဖြင့် သွင်းယူခဲ့သော ဂိုးနှင့် ဝင်ဘလေ၌ အင်္ဂလန်အသင်းက ထိုက်တန်စွာ ဦးဆောင်နိုင်ခဲ့သည်။ ပွဲချိန် ၇၄မိနစ်တွင် ရှက်ဗ်ချင်ကိုက ယူကရိန်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးခါနီး ငါးမိနစ်အလို၌ ဘက်ခမ်း၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် တယ်ရီက ဂိုးသွင်းယူခဲ့သဖြင့် အင်္ဂလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အလန်ရှီးယားအား နယူးကာဆယ် နည်းပြတာဝန်ပေး ယခုရာသီတွင် အသင်း၏လေးဦးမြောက်နည်းပြဖြစ်လာ

နယူးကာဆယ် ဧပြီ ၂

ပရီမီယာလိဂ်လက်ကျန်ပွဲစဉ် ရှစ်ပွဲကစားရန် ကျန်ရှိချိန်တွင် နယူးကာဆယ်အသင်းတန်းမဆင်းရရေးအတွက် အလန်ရှီးယားက နည်းပြတာဝန်ကို သဘောတူလက်ခံလိုက်ခြင်းဖြင့် ၄င်းသည် ယခုဘောလုံးရာသီတွင် နယူးကာဆယ်၏ လေးဦးမြောက် နည်းပြဖြစ်လာသည်။

မျှော်လင့်ချက်

အသက် ၃၈နှစ်ရှိ အလန်ရှီးယားသည် ခြေစွမ်းထက်မှုကြောင့် နယူးကာဆယ်ပရိသတ်များ၏ ဂန္ထဝင်ဘောလုံးသူရဲကောင်းဖြစ်ခဲ့သည်။ နယူးကာဆယ်အသင်း၏ နည်းပြဖြစ်ရန် ကာလရှည်ကြာစွာ ရေပန်းစားခဲ့သည်။ သို့သော်လည်း အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရသော အခြေအနေကြောင့် ယခင်က နယူးကာဆယ်အား လွှဲပြောင်းရယူနည်းပြရန် အခွင့်အရေး နှင့် မျှော်လင့်ချက်မဖြစ်မြောက်ခဲ့ချေ။

နယူးကာဆယ်အသင်းသည် ဘလက်ဘန်းအသင်းအောက် နှစ်မှတ်လျော့နည်းပြီး ပရီမီယာလိဂ်ဇယားအောက်ခြေမှ တတိယနေရာတွင် ရပ်တည်ကာ တန်းဆင်းဇုန်အတွင်းသို့ ကျရောက်နေသည်။

နည်းပြအတွေ့အကြုံမရှိသူ အလန်ရှီးယားသည် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် တန်းဆင်းရမည့်အရေးနှင့် ရင်ဆိုင်နေရသော နယူးကာဆယ်အသင်းအား ကယ်တင်ရန်အတွက် လက်ကျန်ရှစ်ပွဲသာ ကျန်တော့သည်။ ထို့အပြင် အလန်ရှီးယားသည် ၄င်းလက်ထက်၌ ဧပြီ၄ရက်တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲ၌ ခက်ခဲကြမ်းတမ်းမှုနှင့်စတင်ရဖွယ်ရှိသည်။ **(အင်တာနက်)**

အင်္ဂလန်ဘောလုံးကြယ်ပွင့် ဘက်ခမ်း ၂၀၁၀ ကမ္ဘာ့ဖလားတွင် ပါဝင်နိုင်ရန်မျှော်လင့်

လန်ဒန် ဧပြီ ၂

အင်္ဂလန် လက်ရွေးစင်အသင်းက စလိုဗက်ကီးယားအသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဒေးဗစ်ဘက်ခမ်းသည် ၁၀၉ပွဲမြောက် စံချိန်တင်ယှဉ်ပြိုင်ခဲ့ပြီးနောက် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အဓိကအခန်းမှ ပါဝင်နိုင်မည်ဟု ၄င်းကမျှော်လင့်ထားသည်ဟုဆိုသည်။

စံချိန်ချိုးနိုင်ခဲ့

ပြီးခဲ့သည့် မတ် ၂၈ရက်က ဝင်ဘလေကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းပွဲစဉ်တွင် ဒုတိယပိုင်း၌ ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော ဘက်ခမ်းသည် ဘော်ဘီမိုရီ၏ စံချိန်ကိုချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အင်္ဂလန်ဘောလုံးသမိုင်းတွင် ပွဲပေါင်း ၁၂၅ပွဲ ပါဝင်ယှဉ်ပြိုင်ကစားထားခဲ့သော ဂိုးသမားပီတာရှီလ်တန်တစ်ဦးသာ ဘက်ခမ်း၏ရှေ့မှ ဦးဆောင်နေကြောင်း သတင်း၌ဖော်ပြသည်။

မသေချာသေး

သို့သော်လည်း လက်ရှိတွင် အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီမှ အီတလီသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသူ အေစီမီလန်ဘောလုံးကြယ်ပွင့် ဘက်ခမ်းအနေဖြင့် ယင်းမှတ်တမ်းသည် ကိုယ်တိုင်အထင်ကရ မှတ်တိုင်စိုက်ထူမှု၌ ပါဝင်မည်မဟုတ်ဟု သိရသည်။ ၁၉၉၈၊ ၂၀၀၂၊ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ပါဝင်ခြေစွမ်းပြခဲ့သော ဒေးဗစ်ဘက်ခမ်းသည် တောင်အာဖရိကတွင်ကျင်းပမည့် ၂၀၁၀ကမ္ဘာ့ဖလားတွင် ပါဝင်ခြေစွမ်းပြခွင့်ရရေးမှာ မရေရာသေးကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

နေပြည်တော်မဟာသဂြိုဟ် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြင်ဆင်သတ်မှတ်ခြင်း

နေပြည်တော် ဧပြီ ၂

နေပြည်တော် မဟာသဂြိုဟ် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ မြို့တော် ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၂၀၊ ၂၂ နှင့် ၂၄ ရက် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အထက်ပါ နေ့ရက်များအစား ၁၄ ရက်တွင် မြို့တော်ဂေါက်ကွင်း၊ ၁၅ရက်တွင် ရေပြာတပ်မတော်ဂေါက်ကွင်း၊ ၁၆ ရက်တွင် နေပြည်တော်ဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာစည်မြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂

မန္တလေးမူးယစ်(တောင်)အဖွဲ့မှ တာဝန်ရှိသူများသည် မတ် ၂၃ရက် ညနေ ၅နာရီ ၃၅မိနစ်ခန့်တွင် မန္တလေးတိုင်း သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ပန်းချယ်ရီထမင်းဆိုင်ရှေ့၌ တောင်ကြီးမှ ရန်ကုန်သို့ ပြေးဆွဲသည့် ရှမ်းထိပ်တန်းမော်တော်ယာဉ်တွင် လိုက်ပါလာသူ မဇာခြည်ဦး၊ မအေးမော်လွင်နှင့်သားဖြစ်သူ မောင်ကျော်မိုးသက်တို့အား ရှာဖွေရာ မဇာခြည်ဦး၏ အတွင်းခံအင်္ကျီအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ပြား၊ ၄င်းတို့၏ ခရီးဆောင်အိတ်နှင့် ကျောပိုးအိတ်များအတွင်းမှ ဆေးခြောက် ၂၁ဒသမ၉၆ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖော်ထုတ်ဖမ်းဆီး

အလားတူ တောင်ကြီးမူးယစ်အဖွဲ့မှ တာဝန်ရှိသူများသည် မတ် ၂၄ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် ကလောမြို့မှ မန္တလေးမြို့အထွက် စစ်ဆေးရေးဂိတ်၌ တောင်ကြီး-ရန်ကုန်ခရီးသည်တင်ယာဉ်အမှတ် ၂ခ/၂၅၇၃အား ရပ်တန့်စစ်ဆေးရာ ခရီးသည် ဝင်းသန့်နှင့်တင်မြထွန်းတို့၏ ခရီးဆောင်အိတ်သုံးအိတ်အတွင်းမှ ဆေးခြောက်ဘလောက်တုံး ၂၅တုံး(၃၈ဒသမ၄၇ကီလို)အား သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တင်မြထွန်း၊ ဝင်းသန့်၊ အောင်ဇင်မြတ်၊ နီလာဝင်းနှင့် အောင်ကိုတို့ ငါးဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ဧက ၉၀၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့

ရန်ကုန် ဧပြီ ၂

မတ် ၂၁ရက်မှ ၂၆ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ညောင်ရွှေ၊ လွယ်လင်၊ မိုင်းပန်မြို့နယ်နှင့်ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တို့အတွင်းမှ ဘိန်းခင်း ဧက၇၀(၂၈ဒသမ ၃၃ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၉၃၄၅ဒသမ၇၆ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်ကျန်းမာရေး

အစားအစာကို လွန်ကဲစွာ စားသုံးလေ့ ရှိသူများ အစာအိမ်နှင့် အသည်းအဆီဖုံးခြင်းများ ဖြစ်ပွားနိုင်

အစားအစာကို တနင့်တပိုး စားသုံးလေ့ရှိသူများသည် အစာအိမ်ရောဂါနှင့် အသည်း အဆီဖုံးခြင်းရောဂါများ ဖြစ်ပွားနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက သတိပေးလိုက်သည်။

မနိုင်မနင်းချေဖျက်ရ

ငယ်ရွယ်စဉ်ကပင် အစားအစာများကို သာမန်ထက် ပိုမိုစားသုံးလေ့ရှိသူများမှာ အရွယ်ရောက်လာသည့်အခါ အစာအိမ်ကင်ဆာဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အစာအိမ်အတွင်း လိုအပ်သည်ထက် ပိုမိုများသော အစာများကို မနိုင်မနင်း ချေဖျက်ရ၍ဖြစ်ကြောင်း သိရသည်။

အသည်းအဆီဖုံး

ထို့အပြင် အဆီနှင့် အငန်ဓာတ်များပါဝင်သော အစားအစာများကို စားသုံးခြင်းကြောင့်လည်းကောင်း၊ အစားအစာများ ပိုမိုစားသုံးခြင်းကြောင့်လည်းကောင်း အသည်း၏လုပ်ငန်းများ သာမန်ထက် နှစ်ဆခန့် ပိုလုပ်ရသဖြင့် အသည်းအဆီဖုံးခြင်း ဖြစ်လာမည်ဟု ၎င်းတို့က ပြောကြားသည်။

သင့်တင့်မျှတစွာစားသုံးသင့်

ထို့ကြောင့် ငယ်ရွယ်စဉ်အချိန်ကပင် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးသင့်ကြောင်း၊ အစားအစာလွန်ကဲစွာ စားသုံးသူ ၂၀၀၀ကို သုံးနှစ်ကြာ သုတေသနပြုလုပ်ခဲ့ရာ အစာအိမ်နှင့် အသည်းအဆီဖုံးခြင်းရောဂါဖြစ်ပွားသူ ၃၀ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်ဟု ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

ဘဝအမောပြေ

ဆုံးဖြတ်လိုက်ပုံက....

တောင်ထိပ်ကမ်းပါးစွန်းတစ်ခုပေါ်တွင် မတ်တတ်ရပ်ကာ ရေပြင်ကို စိုက်ကြည့်နေသူ အမျိုးသားတစ်ဦးကို မြင်တွေ့ရသဖြင့် ဆရာဝန်တစ်ဦး အပြေးအလွှား ရောက်ရှိလာသည်။

ဆရာဝန် ။ ။မိတ်ဆွေ-သတိထားပါ၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့။

အမျိုးသား ။ ။ရေပြင်ကို စိုက်ကြည့်နေဆဲ။

ဆရာဝန် ။ ။စိတ်အေးအေးထားပါဗျာ။

အမျိုးသား ။ ။ရေပြင်ကို စိုက်ကြည့်နေဆဲ။

ဆရာဝန် ။ ။အခက်အခဲတွေဆိုတာ ရှိစမြဲပါပဲ၊ ကျွန်တော့်ကိုပြောပြပါ။ ကူညီဖြေရှင်းပေးပါ့မယ်။

အမျိုးသား ။ ။ကျွန်တော့်စိတ်ထဲမှာ ဆုံးဖြတ်လိုက်ပါပြီ။

ဆရာဝန် ။ ။ဟုတ်ပြီ၊ ပြောပြစမ်းပါ။

အမျိုးသား ။ ။ကျွန်တော့်ကိုလာပြီး တားဆီးတဲ့လူကို တွန်းချမယ်လို့။

ဆရာဝန် ။ ။'ဗျာ'

နေဂြိုဟ်အနီး၌ ရောင်ခြည်တန်းများ စုဖွဲ့နေ

နေ၏အနီးဝန်းကျင်တွင် ရောင်စဉ်တန်းများဖြင့် လူးလွန့်လှုပ်ရှားနေသော ရပ်ဝန်းတစ်ခုကို ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

စုဖွဲ့ဖြစ်တည်နေ

နေဂြိုဟ်အပြင်ဘက်တွင် အပူချိန်မြင့်မားပြီး လေထုလွှာအတွင်း အရှိန်ညီးညီး ပူလောင်ပြင်းပြသည့် အရောင်များ စုဖွဲ့နေကြောင်း၊ ထိုရောင်စဉ်များသည် နေဂြိုဟ်၏ အနီးဝန်းကျင်တွင် စုဖွဲ့ဖြစ်တည်နေကြောင်း တွေ့ရှိရသည်ဟု ဆို၏။

အပူချိန်

အဆိုပါရောင်စဉ်တန်းများ၏ အပူချိန်သည် အနည်းဆုံး ဒီဂရီစင်တီဂရိတ် ၅၀၀၀ ရှိကြောင်း၊ နေမှဝေးကွာသော နေရာရှိ ရောင်စဉ်များ၌မူ အပူချိန်အနည်းငယ် လျော့နည်းကြောင်း၊ နေနှင့်အနီးကပ်ဆုံး ရောင်စဉ်တန်းများ၏ အပူချိန်သည် ဒီဂရီစင်တီဂရိတ် တစ်သန်းခန့်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

သတင်းအက်ဆေး

ဘော့စနီးယား ဟာဇီဂိုးဗီးနားနိုင်ငံ ဆိုသည်မှာ....

ဘော့စနီးယားဟာဇီဂိုးဗီးနားနိုင်ငံသည် အရှေ့တောင်ဥရောပ ဘော်လ်တန်ကျွန်းဆွယ်ဒေသတွင် တည်ရှိသည်။ ၁၉၉၀ပြည့်လွန်နှစ်များ အစောပိုင်းတွင် ယူဂိုဆလားဗီးယားဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ ပြိုကွဲပြီးနောက် သုံးနှစ်ကြာ စစ်ပွဲကြောင့် တိုင်းပြည်ပျက်ပြုန်းခဲ့ရာမှ ပြန်လည်ထူထောင်လာသည့် နိုင်ငံဖြစ်သည်။ ၁၉၉၂-၁၉၉၅ခုနှစ်စစ်ပွဲသည် ဘော့စနီးယားအနေဖြင့် ယူဂိုဆလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံအတွင်း၌ ဆက်လက်နေမနေ သို့မဟုတ် လွတ်လပ်ရေးယူသင့် မယူသင့်အပေါ် အဓိကပြဿနာပေါ်ခြင်းဖြစ်သည်။

စီးပွားရေးကိုစုတ်ပြတ်သွား

ယခုအခါ လွတ်လပ်ရေးရပြီဖြစ်သည်။ သို့သော် နိုင်ငံတကာအုပ်ချုပ်မှု အောက်တွင် ရှိနေသည်။ ဤနိုင်ငံ၌ ဘော့စနီးယားမွတ်စလင်များဖြစ်ကြသည့် ဘော့စနစ်များ၊ ခရိုအက်များနှင့် ဆာ့ဘ်များဟူ၍ လူမျိုးသုံးမျိုးရှိသည်။ စစ်ဖြစ်သည့်အတွက် ဘော့စနီးယား၏အခြေခံ အဆောက်အအုံနှင့် စီးပွားရေးကို စုတ်ပြတ်သွားစေသည်။ ပြည်သူနှစ်သန်းခန့် အိုးအိမ်စွန့်ခွာကြရသည်။

ဘော့စနီးယားစစ်ပွဲကို အဆုံးသတ်စေသည့် ၁၉၉၅ခုနှစ် ဒေတန်ငြိမ်းချမ်းရေးစာချုပ်က ဘော့စနီးယား ဟာဇီဂိုးဗီးနားနှင့် ဘော့စနီးယားဆာ့ဘ်သမ္မတနိုင်ငံ ဟူ၍ သီးခြားနိုင်ငံအခွင့်အရေးရရှိစေသည်။ ကိုယ်ပိုင်သမ္မတ၊ အစိုးရ၊ ပါလီမန်၊ ရဲတပ်ဖွဲ့စသည်ဖြင့် ရပ်တည်နိုင်သည်။

သမ္မတရာထူး

ဘော့စနီးယား ဟာဇီဂိုးဗီးနားနိုင်ငံ၌ ဘော့စနစ်(ဘော့စနီးယားမွတ်စလင်)၊ ဆာ့ဘ်နှင့် ခရိုအက်တစ်ဦးစီကို သမ္မတရာထူးတွင် ရှစ်လလျှင် တစ်ကြိမ် အလှည့်ကျ တာဝန်ယူ ထမ်းဆောင်စေရသည်။

ဘော့စနီးယား ဟာဇီဂိုးဗီးနားကို ၁၉၀၈ခုနှစ်တွင် ဩစတြီးယား ဟန်ဂေရီ အင်ပါယာအတွင်း ဆွဲသွင်းလိုက်သည်။ ၁၉၁၄ ခုနှစ်တွင် ဘော့စနီးယားဆာ့ဘ် ကျောင်းသား ဂက်ဗရီလိုပရင်စစ်က ဩစတြီးယား အင်ပါယာကေရာဇ်မင်း၏ သားဖာနန်ဒက်ကို လုပ်ကြံလိုက်သည်။ ယင်းအဖြစ်က ပထမကမ္ဘာစစ်ကြီးသို့ တွန်းပို့လိုက်သည်။

ချွေးတပ်စခန်းပို့

၁၉၁၈ခုနှစ်တွင် စစ်ကြီးအပြီး ဩစတြီးယား-ဟန်ဂေရီအင်ပါယာ ပြိုကွဲသွားသည်။ ဘော့စနီးယား ဟာဇီဂိုးဗီးနားသည် ဆာ့ဘ်၊ ခရိုအက်နှင့် ဆလိုဗင်းဘုရင့်နိုင်ငံ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာသည်။ ၁၉၄၁ခုနှစ်တွင် ဟစ်လာရိုက် ခရိုအေးရှင်းနိုင်ငံက တိုက်ခိုက်သိမ်းယူသည်။ ထောင်ပေါင်းများစွာသော ဆာ့ဘ်များ၊ ဂျူးများနှင့် ဂျစ်ပစီများကို ချွေးတပ်စခန်းများသို့ ပို့သည်။

၁၉၄၅ခုနှစ်တွင် မာရှယ်တီးတိုး ဦးဆောင်သည့် ပါတီဇာက်တော်သားများ၏ တိုက်ပွဲဝင်မှုကြောင့် ဘော့စနီးယား ဟာဇီဂိုးဗီးနား လွတ်မြောက်သည်။ ယူဂိုဆလားဗီးယားဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ လက်အောက်ရောက်ရှိသည်။

> **ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံသည် အရှေ့တောင်ဥရောပ ဘော်လ်တန်ကျွန်းဆွယ် ဒေသတွင် တည်ရှိ၊ ၁၉၉၀ပြည့်လွန်နှစ်များ အစောပိုင်းတွင် ယူဂိုဆလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ ပြိုကွဲပြီးနောက် သုံးနှစ်ကြာစစ်ပွဲကြောင့် တိုင်းပြည်ပျက်ပြုန်းခဲ့ရာမှ ပြန်လည် ထူထောင်လာသည့် နိုင်ငံဖြစ်။**

၁၉၉၁ခုနှစ်တွင် ကွန်မြူနစ်စနစ် ပြိုကွဲပျက်စီးသွားသောအခါ အမျိုးသားရေးဝါဒီများက ပထမဆုံး ပါတီစုံရွေးကောက်ပွဲတွင် အနိုင်ရကြသည်။ ဆန့်ကျင်သည့် ရည်မှန်းချက်များရှိသည့်ကြားမှပင် ညွန့်ပေါင်းအစိုးရများဖွဲ့စည်းကြသည်။ မွတ်စလင် အမျိုးသားရေးဝါဒီများက လွတ်လပ်သည့် ဘော့စနီးယားနိုင်ငံထူထောင်ရေး အဓိကလိုချင်သည်။ ဆာ့ဘ်တို့က ယူဂိုဆလားဗီးယား နိုင်ငံ၏ လက်ငုတ်လက်ရင်းတွင် ဆက်နေလိုကြသည်။ ခရိုအက်များက လွတ်လပ်သော ခရိုအေးရှားနိုင်ငံ ထူထောင်လိုသည်။

၁၉၉၂ခုနှစ်တွင် စစ်စတင်ဖြစ်သောအခါ ဆာ့ဘ်တို့က သမ္မတနိုင်ငံ၏ ထက်ဝက်ကို ရုတ်တရက်သိမ်းလိုက်ပြီး၊ အသစ်ထူထောင်လိုက်သည့် ဆာ့ဘ်သမ္မတနိုင်ငံတွင် လူမျိုးရေး သန့်စင်သတ်ဖြတ်မှုများ ပြုလုပ်လာသည်။ မွတ်စလင်နှင့် ခရိုအက်များက ထိန်းချုပ်ထားသည့် ဒေသများသို့လည်း ကူးစက်ပျံ့နှံ့ကုန်သည်။

ရာဒိုဗန်ကာရာဒစ်၏လက်အောက်မှ ဘော့စနီးယားဆာ့ဘ်များက ဆာရာဂျေဗိုမြို့ကို ဝိုင်းထားသည်။ မြို့ကိုမွတ်စလင်များက ထိန်းချုပ်သည်။ သို့သော် ဝိုင်းထားမှုကို ဖောက်ထွက်နိုင်ခြင်းမရှိပေ။ တိုက်ပွဲများပြင်းထန်စွာဖြစ်သည့်အပြင် ရက်စက်မှု အများအပြား ကျူးလွန်သည်။

၁၉၉၃ခုနှစ်တွင် တင်းမာမှုကြီးထွားလာပြီး မွတ်စလင်နှင့် ခရိုအက်များအကြား ပဋိပက္ခဖြစ်လာသည်။ ယင်းပဋိပက္ခမှာ လွန်စွာရှုပ်ထွေးသည်။ ဟာဇီဂိုးဗီးနားတွင် မွတ်စလင်နှင့် ဆာ့ဘ်တို့က မဟာမိတ်ဖွဲ့ပြီး ခရိုအက်များကိုတိုက်ခိုက်သည်။ ဘော့စနီးယား အနောက်မြောက်ပိုင်းတွင် ပြိုင်ဘက်မွတ်စလင်အချင်းချင်းတိုက်ခိုက်ကြသည်။ ဘော့စနီးယား အလယ်ပိုင်းတွင် ခရိုအက်များနှင့် ဆာ့ဘ်တို့က မွတ်စလင်များကို လက်တွဲ တိုက်ခိုက်သည်။

တကွဲတပြားစီ

၁၉၉၅ခုနှစ်တွင် ဗိုလ်ချုပ်ကြီးမလာဒစ်လက်အောက်မှ ဘော့စနီးယားဆာ့ဘ်တပ်များက ဆရီဘရီနီစာမြို့ကို စီးနင်းတိုက်ခိုက်သည်။ ဘော့စနီးယားမွတ်စလင်များ မိသားစုဝင်အချင်းချင်း တကွဲတပြားစီ ဖြစ်ကုန်သည်။ ဒေတန်ငြိမ်းချမ်းရေးစာချုပ်ကို ပါရီ၌ လက်မှတ်ရေးထိုးသည်။ သို့ဖြစ်၍ ဘော့စနီးယား ဟာဇီဂိုးဗီးနားနှင့် ဆားဘီးယားဆာ့ဘ် သမ္မတနိုင်ငံ ဖြစ်ပေါ်လာစေသည်။

၁၉၉၆ခုနှစ်တွင် ယခင်ယူဂိုဆလားဗီးယားဆိုင်ရာ နိုင်ငံတကာခုံရုံးက သည်ဟိတ်မြို့၌ လုပ်ငန်းစတင်သည်။ ဆရီဘရီနီစာမြို့ အစုအပြုံလိုက်သတ်ဖြတ်မှုတွင် ပါဝင်သည့် ခရိုအက်လူမျိုးဒရာဇင်အာဒီမိုဗစ်အား ပထမဆုံးစွဲချက်တင်စစ်ဆေးပြီး ထောင်ဒဏ်ငါးနှစ် အပြစ်ပေးသည်။ ၂၀၀၁ခုနှစ်တွင် သည်ဟိတ်ရာဇဝတ်ခုံရုံးက ဘော့စနီးယားဆာ့ဘ် ဗိုလ်ချုပ်ကြီးဘရစ်စတစ်အား ထောင်ဒဏ်လေးနှစ် ချမှတ်သည်။ မွတ်စလင်ဗိုလ်ချုပ်ကြီး သုံးဦးကိုလည်း စစ်ရာဇဝတ်မှုဖြင့် စွဲချက်တင်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ဆားဗီးယားနှင့် မွန်တီနီဂရိုးနိုင်ငံများအား တိုက်ခိုက်မျိုးဖြုတ်သတ်ဖြတ်မှုများကို သည်ဟိတ်မြို့ရှိ စစ်ရာဇဝတ်ခုံရုံးက စတင်ကြားနာသည်။

၂၀၀၈ခုနှစ်တွင် ဘော့စနီးယားဆာ့ဘ်ရဲချုပ် စတိုဂျန်ဇူပီဂျာနင်အား ဘဲဂရိတ်မြို့အနီးမှ ဖမ်းမိပြီး သည်ဟိတ်မြို့ခုံရုံးသို့ လွှဲအပ်သည်။ ထို့ပြင် ၁၃နှစ်ကြာ ဝရမ်းပြေးနေသည့် ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင်ဟောင်း ရာဒိုဗန်ကရာဒစ်ကိုလည်း ၂၀၀၈ခုနှစ်အတွင်းတွင် ဖမ်းမိလိုက်သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်။

အာကာသသိပ္ပံ



ထိုရောင်စဉ်အစုအဖွဲ့၏ ရွေ့လျား လည်ပတ်နေမှုနှုန်းမှာ တစ်စက္ကန့်လျှင် ကီလိုမီတာ ၂၀အထိ လျင်မြန်စွာ ရွေ့လျားနေကြောင်း၊ ထိုသို့ရွေ့လျားလာမှုနှင့် ဖြစ်တည်မှုများသည် ကမ္ဘာဂြိုဟ်၏ရာသီဥတု ပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှု ရှိနေကြောင်း သိရသည်။ **(အင်တာနက်)**

ဘဝဒဿန

■ ***Better to die ten thousand deaths than wound my honour.***

❒ *ကျွန်ုပ်၏ဂုဏ်သိက္ခာကို ထိခိုက်ခံရခြင်းထက် အကြိမ်တစ်သောင်း သေဆုံးရခြင်းက ပို၍ပင် ကောင်းသေးသည်။*

ဂျိုးဇက်အက်ဒီဆန် (အင်္ဂလိပ်လူမျိုးအစမ်းစာရေးသားသူ)

နိုင်ငံတကာသတင်းစုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အားကစားပြိုင်ပွဲကို စိတ်ရောကိုယ်ပါ အားပေးကြည့်ရှုသည့် ပရိသတ်များ နှလုံးရောဂါဖြစ်ပွားရန် ရာခိုင်နှုန်းများဟုဆို

အားကစားပွဲကို စိတ်ရောကိုယ်ပါ အားပေးကြည့်ရှုသူ ပရိသတ်များသည် နှလုံးရောဂါဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်၌ ဖော်ပြထားသည်။

မြင့်တက်လာ

စိတ်လှုပ်ရှားဖွယ်ရာ အားကစားပွဲများ သို့မဟုတ် မိမိနှစ်သက်အားပေးသော ဘောလုံးပွဲများ၏ အနိုင်အရှုံးရလဒ်များကြောင့် နှလုံးရောဂါ ရုတ်တရက်တိုက်ခိုက်ခံရပြီး သေဆုံးသူဦးရေ တဖြည်းဖြည်းမြင့်တက်လာကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၂ ■

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ကဏန်းပျော့များ ပြည်ပဝယ်လိုအားကောင်းနေ တိုင်းရင်းသား ရေလုပ်ငန်းရှင်များ နိုင်ငံခြားငွေရရှိရေး တိုးမြှင့်ရှာဖွေနိုင်

ကဏန်းပျော့ဖြစ်ရန် ကဏန်းတစ်ကောင်စီကို ပလတ်စတစ်ခွက် အိမ်ငယ်တစ်ခုစီတွင်ထည့်၍ အရေခွံလဲချိန် စောင့်ဆိုင်းကာ ရေထဲမျှောချထားပုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂

မိမိတို့သတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် မြိတ်မြို့သို့ ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းက ရောက်ရှိခဲ့ရာ ပြည့်ဖြိုးထွန်းရေထွက်ပစ္စည်းကုမ္ပဏီ၏ ကဏန်းပျော့ထုတ်လုပ်ရေးစခန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

တစ်ဖက်ကမ်း

အဆိုပါ ရေထွက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီသည် မြိတ်မြို့ဆိပ်ကမ်း၏ တစ်ဖက်ကမ်းဖြစ်သော ပထော်ပထက်ကျွန်းပေါ်တွင် တည်ရှိသည်။ ယင်းကျွန်းစုသည် မြိတ်မြို့နှင့်အနီးဆုံးရှိသော်လည်း ကျွန်းစုမြို့နယ်အပိုင် ကျွန်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

အိုးထရက်ဖို့ဒ်မှာ ပေါ်တိုကို ပြတ်ပြတ်သားသားနဲ့ အနိုင်ကစားမယ့် ဖာဂူဆန်ရဲ့မန်ယူ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲကြို သုံးသပ်ချက်

ရန်ကုန် ဧပြီ ၂

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေ မဲခွဲအပြီးမှာ ဗီလာရီးယဲလ်က အာဆင်နယ်၊ မန်ယူက ပေါ်တို၊ လီဗာပူးက ချယ်လ်ဆီး၊ ဘာစီလိုနာက ဘိုင်ယန်မြူးနစ်နဲ့ ဆုံပါတယ်။ ကွာတားအဆင့်ကို ရောက်ပြီဖြစ်လို့ တစ်သင်းမှ အမှားခံလို့ မရတော့ပါဘူး။ ဒီပွဲစဉ်တွေကို ဧပြီ ၇ ရက်နဲ့ ၈ ရက်များမှာ ပထမအကျော့ပွဲစဉ်များအဖြစ် အသီးသီးကစားကြမှာပါ။ ပထမနေ့မှာတော့ မန်ယူနဲ့ ပေါ်တို၊ ဗီလာရီးယဲလ်နဲ့ အာဆင်နယ်တို့ကစားရမှာပါ။ ဒုတိယနေ့ဖြစ်တဲ့ ဧပြီ ၈ ရက်မှာ လီဗာပူးနဲ့ ချယ်လ်ဆီး။ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ ကစားရဖို့ ရှိနေပါတယ်။

မန်ယူပဲ အိုးထရက်ဖို့ဒ်မှာ အသာရမယ်

မန်ယူ - ပေါ်တို

မန်ယူဟာ ဒီနှစ်ချန်ပီယံလိဂ်မှာ ရေပန်းစားနေတဲ့ ချန်ပီယံပြေးလမ်းပေါ်က အသင်းတစ်သင်းပါ။ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကျွမ်းကျင်တဲ့ နည်းပြကြီး ဖာဂူဆန်တို့ဟာ ဒီရာသီ ချန်ပီယံလိဂ်မှာ ပရိသတ်တွေအတွက် အကောင်းဆုံးဖြစ်အောင်လို့ ဖြေဖျော်ပေးနေပါတယ်။ ဖာဂူဆန်ဟာ မန်ယူရဲ့ပွဲကိုင်ရှင်ပါ။

စာမျက်နှာ ၇ ကော်လံ ၁ ❒

ချန်ပီယံလိဂ်အကြို - ထွန်းထွန်းဦး(လှိုင်)

စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း (မြန်မာ့အလင်း)

ချန်ပီယံလိဂ် ရှုံးထွက်အဆင့်တွင် အင်တာနှင့် မန်ယူတို့တွေ့ဆုံစဉ်က မန်ယူ၏အားထားရသော တိုက်စစ်မှူး ရိုင်ယန်ဂစ် အင်တာနောက်တန်းကို ထိုးဖောက်ဂိုးသွင်းရန် ဤသို့ ကြိုးစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

Delta United F.C တွင် ကစားမည့် နမ်းဝေအောင်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုကလပ်လေးသင်း

ကစားသမား ၃၃ ဦးအား စာချုပ်ချုပ်

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂

မြန်မာနေရှင်နယ်လိဂ် CUP ဘောလုံးပြိုင်ပွဲကို လာမည့်မေလ ၁၆ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်ပရိုကလပ် အသင်းများမှာလည်း ကစားသမားကောင်းရရှိရေး၊ အနာဂတ်တွင် အားထားရမည့် လူငယ်ဘောလုံးသမားများအား

စာမျက်နှာ ၁၁ ကော်လံ ၃ ●

မြန်မာ့အလင်း အတွင်းဆောင်းပါးအညွှန်း

မောင်ထွန်းလွင် (မိုးလေဝသ)၏ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ် ဆောင်းပါး စာမျက်နှာ ၁၀ နှင့် ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။